# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၇)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ သောကြာနေ့။


ဣဓ မောဒတိ ပေစ္စ မောဒတိ၊
ကတပုညော ဥဘယတ္ထ မောဒတိ၊
သော မောဒတိ သော ပမောဒတိ၊
ဒိသွာကမ္မဝိသုဒ္ဓိ မတ္တနော။

**ကောင်းမှုပြုသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်ဘဝတို့၌လည်း ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိ၏ စင်ကြယ်သောကောင်းမှုကံကို သိမြင်ရ၍ ဝမ်းမြောက်ရ၏၊ အလွန်ပင် ဝမ်းမြောက်ရပေ၏။**

(ယမကဝဂ္ဂ ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အီတလီနိုင်ငံ မီလန်မြို့သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် (၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ တက်ရောက်ရန် အောက်တိုဘာ ၁၅ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းအထူးလေယာဉ်ဖြင့် နေပြည်တော်မှ ထိုင်းနိုင်ငံသုဝဏ္ဏဘူမိအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ထိုင်းလေကြောင်းခရီးစဉ်ဖြင့် အီတလီနိုင်ငံ မီလန်မြို့သို့ အောက်တိုဘာ ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကြသည်။

**ကြိုဆိုနှုတ်ဆက်**

နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား မီလန်မြို့ Melpensa လေဆိပ်၌ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုမည့် မီလန်မြို့ NH President ဟိုတယ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတအနေဖြင့် ယနေ့တွင် ဥရောပသမဂ္ဂ-အာဆီယံခေါင်းဆောင်များ အလွတ်သဘော အစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနား၊ မျက်နှာစုံညီထိပ်သီးအစည်းအဝေးများနှင့် အီတလီသမ္မတနိုင်ငံသမ္မတက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတို့သို့ တက်ရောက်ရန်ရှိကြောင်း သတင်းရရှိသည်။

မီလန်မြို့ကို ရောမလူမျိုးများက အီတလီနိုင်ငံ အလယ်ပိုင်းရှိ လွင်ပြင်များ၏ အလယ်၌ ဘီစီ ၄၀၀ ခန့်တွင် စတင်တည်ထောင်ခဲ့ကြသည်။ လက်ရှိမြို့နေလူဦးရေ မှာ ၁ ဒသမ ၃ သန်းခန့်ရှိပြီး အီတလီနိုင်ငံ၏ ဒုတိယလူဦးရေအများဆုံးမြို့ဖြစ်သည်။ မီလန်မြို့ကို အီတလီနိုင်ငံသားများက မီလန်နိုဟုခေါ်ဆိုကြပြီး ဖက်ရှင်နှင့်စက်မှုလုပ်ငန်းများဖြင့် ကမ္ဘာကျော်သည့်မြို့ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား အီတလီနိုင်ငံ မီလန်မြို့၌ တာဝန်ရှိသူများနှင့်အတူ တွေ့ရစဉ်။** (သတင်းစဉ်)



# အက်ဒွပ်ခေတ်ဗိသုကာလက်ရာ မီးသတ်စခန်းကြီးကို ရန်ကုန်မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းတပ်ဆင်

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့က စတုတ္ထမြောက် အပြာရောင်ကမ္ပည်းပြားကို ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ အဆောက်အအုံတွင် အောက်တိုဘာ ၁၆ ရက် နံနက် ၁၀ နာရီက ယင်းအဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေး အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးလွင်က အပြာရောင် ကမ္ပည်းတပ်ဆင်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးညီညီ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ အမှတ် (၂) တိုင်းဒေသကြီး/ပြည်နယ်မီးသတ် ဦးစီးရုံးများဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ ရန်ကုန်မြို့ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးလွင်၊ ဖီးလစ်ကော်ပိုရေးရှင်းမှ မစ္စတာ အဲလက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တပ်ဆင်ထားသည့် အပြာရောင်ကမ္ပည်းပြားကို နံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြသည်။

ဒုတိယဥက္ကဋ္ဌ ဒေါ်မိုးမိုးလွင်က "အခုလို နှစ်ပေါင်း ၁၀၀ ကျော်ပြီဖြစ်တဲ့ မီးသတ်အဆောက်အအုံကြီးရဲ့ ဂုဏ်ကို အပြာရောင်ကမ္ပည်းတပ်ဆင်ပြီး အလေးအနက်တန်ဖိုးထားခွင့်ရတဲ့အတွက် ရန်ကုန်မြို့ပြ အမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ YHT က များစွာပဲ ဂုဏ်ယူဝမ်းမြောက်မိပါတယ်"ဟု ဆိုခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ**
**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

*စာမျက်နှာ ၈ ကော်လံ ၆* ✳

## ယနေ့ — မာတိကာ


**အိုင်အက်စ်တို့ဆီးရီးယားမြို့ ကိုဘာနီမှဆုတ်ခွာနေရ** စာ » ၄

**ပျောက်ဆုံးနေသောတန်ဖိုးများ** ဆောင်းပါး စာ » ၁၀


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

**ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတိုင်းက မိမိတို့နိုင်ငံနှင့်လူမျိုးသမိုင်းတစ်လျှောက် ဖြစ်ထွန်းခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါသည်။ ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံနှင့် လူမျိုးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြင့်မားစေပါသည်။ ဒြပ်ရှိယဉ်ကျေးမှု၊ ဒြပ်မဲ့ယဉ်ကျေးမှုနှစ်ရပ်စလုံးကို အလေးထားစောင့်ရှောက်လျက်ရှိပါသည်။ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတိုင်းသည် လူ့သမိုင်းကိုဖော်ပြနေသည့်အလျောက် နိုင်ငံတိုင်း၊ လူမျိုးတိုင်းက ထိန်းသိမ်းစောင့်ရှောက်နေခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ကိုယ်ပိုင်ယဉ်ကျေးမှုကြွယ်ဝသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ထိုယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရေးအတွက် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပါသည်။ ‘‘မြန်မာအစ တကောင်းက’’ဟူသောစကား ရှိပါသည်။ တကောင်းခေတ်မှသည် သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ညောင်ရမ်း၊ ကုန်းဘောင် အစရှိသော ခေတ်အဆက်ဆက်တို့တွင် ဖြစ်ထွန်းခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ မြန်မာနိုင်ငံ၌ အမြောက်အမြားရှိနေပါသည်။ စေတီ၊ ပုထိုး၊ ဘုရား၊ ကျောင်းကန်တို့သည် ခေတ်အဆက်ဆက်ဖြစ်ထွန်းခဲ့သော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများဖြစ်ပါသည်။ ဤကဲ့သို့ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်နေသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်သွားရန် ကြိုးပမ်းလျက်ရှိပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတင်သွင်းနိုင်ရေးအတွက် ရှမ်းရိုးရာစကားပုံများ၊ ကချင်ရိုးရာစကားပုံများစသည့်ပါးစပ်ရာဇဝင်နှင့် ဖော်ပြချက် ဘာသာစကားကိုးခု၊ မြန်မာ့ဆိုင်းဝိုင်း၊ မြန်မာ့ရုပ်သေး၊ အငြိမ့်ပွဲ၊ ‘ဝ’ရိုးရာပွဲတော်များ၊ အကများ စသည့် ဖျော်ဖြေမှုအနုပညာ ၂၁ ခု၊ ၁၂လရာသီပွဲတော်များ၊ အင်းလေးခြေခတ်လှေပွဲတော်၊ မြန်မာ့ သနပ်ခါး၊ အားကစားနှင့်အစားအစာများစသည့် လူမှုရေးအစဉ်အလာ အလေ့အထရိုးရာဓလေ့ ၁၀၂ ခု၊ ကယား- တဆေး၊ မြန်မာတိုင်းရင်း- မန်းဆေး၊ ရှမ်း-မဟာဖြေဆေး စသည့်သဘာဝနှင့် စကြဝဠာဆိုင်ရာ ဗဟုသုတ၊ ရိုးရာအစဉ်အလာ အလေ့အထ သုံးခု၊ ရွှေချည်ထိုးလုပ်ငန်း၊ လွန်းရာကျော် ကြိုးကြိုးချိတ်ရက်လုပ်ငန်း၊ ယွန်းထည်လုပ်ငန်း၊ တိုင်းရင်းသား ဂျပ်ခုတ်လုပ်ငန်း၊ မီးပုံးလုပ်ငန်း၊ ပျူပုတီးစေ့လုပ်ငန်း စသည့် ရိုးရာလက်မှုပညာရပ် ၁၁၉ ခု စုစုပေါင်း ၂၅၄ ခု စုဆောင်းရရှိထားပြီဖြစ်ပါသည်။

ဤကဲ့သို့ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေးအတွက် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) သို့ ပေးပို့တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။ သို့ပါ၍ နိုင်ငံနှင့် လူမျိုးတို့၏ ဂုဏ်ဒြပ်ကိုမြှင့်တင်ပေးနိုင်မည့် အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှု၊ ဒြပ်ရှိယဉ်ကျေးမှုအားလုံးကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# ကလေးသူငယ်များ၏ အကျိုးစီးပွားဖော်ဆောင်ရန်အတွက် ဥပဒေ၊ မူဝါဒနှင့်လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၆

**(၉)ကြိမ်မြောက် အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင်နှင့် (၁၃)ကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာကော်မတီ ပူးပေါင်းညှိနှိုင်း အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံအနေဖြင့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ်ပါ အဓိကအခွင့်အရေးလေးရပ်၊ တာဝန်သုံးရပ်နှင့် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပါ အမျိုးသမီးအခွင့်အရေး (၁၀)ရပ်နှင့် အခြေခံစည်းမျဉ်းသုံးခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ကလေးသူငယ် အားလုံးအတွက် အဓိကအခွင့်အရေးများနှင့် ကလေးသူငယ်များ၏ အကျိုးစီးပွားဖော်ဆောင်ရန်အတွက် ဥပဒေ၊ မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ယခုနှစ်ဖေဖော်ဝါရီလတွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်းသိရသည်။

ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အမျိုးသားလုပ်ငန်းစဉ်တွင် ကျန်းမာရေးနှင့် အာဟာရ၊ ရေကောင်း ရေသန့်ရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ပညာရေးနှင့် ကလေးသူငယ်ဖွံ့ဖြိုးရေး၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သော အမျိုးသမီးထုတစ်ရပ်လုံးအတွက် အကောင်းဆုံးအကျိုးစီးပွား ဖော်ဆောင်နိုင်ရန် မူဝါဒ၊ မဟာဗျူဟာစီမံကိန်းနှင့် ဥပဒေများချမှတ် ဖော်ဆောင်လျက်ရှိရာ ကုလသမဂ္ဂကွန်ဗင်းရှင်းပေကျင်းလုပ်ငန်းစဉ်နှင့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များအပေါ် အခြေခံသော အမျိုးသမီးများနှင့် အသက်မွေးဝမ်းကျောင်းမှု၊ အမျိုးသမီးများနှင့် ပညာရေး၊ လေ့ကျင့်သင်ကြားရေး၊ အမျိုးသမီးများနှင့် ကျန်းမာရေး၊ အမျိုးသမီးများအား အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် အရေးပေါ် အခြေအနေများ၊ အမျိုးသမီးများနှင့် စီးပွားရေး၊ အမျိုးသမီးများနှင့် ဆုံးဖြတ်ချက်ချမှတ်ရေး၊ အမျိုးသမီးများဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာလုပ်ငန်းများ၊ အမျိုးသမီးများနှင့် လူ့အခွင့်အရေး၊ အမျိုးသမီးများနှင့် မီဒီယာ၊ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်စသည့် နယ်ပယ်များပါဝင်သော အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းကို ရေးဆွဲထားရာ အဆိုပါစီမံကိန်းပါ လုပ်ငန်းနယ်ပယ် ၁၂ ရပ်ကို ၂၀၁၃ ခုနှစ်မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် မေလတွင် ကျင်းပခဲ့သော (၂၅)ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေး (ACWC) တွင် အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကြေညာချက်တင်သွင်းနိုင်ခဲ့ရာ ယင်းကြေညာချက်နှင့်အညီ အမြန်ဆုံး လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း အစည်းအဝေးမှသိရသည်။

အဆိုပါ အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးများကို အောက်တိုဘာ ၁၆ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

**(သတင်းစဉ်)**

# လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးဆွေးနွေး

**လယ်ဝေး အောက်တိုဘာ ၁၆**

နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးခင်မောင်ဇော်သည် အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၂ နာရီက လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

နေပြည်တော်ကောင်စီအတွင်းရေးမှူးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ဌာန၏ရည်မှန်းချက်လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်ခဲ့ကြကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရား ဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ကြောင်းပြောကြားသည်။ **ကိုကိုရှုပ(နေပြည်တော်)**




# ကူးစက်မြန် အီဘိုလာပိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ကျွန်းလှ အောက်တိုဘာ ၁၆**

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် စုပေါင်းရုံးခန်းမ၌ ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ ဟောပြောပွဲတွင် ကျွန်းလှမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းဌေးက ကူးစက်မြန်အီဘိုလာဗိုင်းရပ်စ် စတင်ဖြစ်ပေါ်လာပုံနှင့် ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ အားအင်ချည့်နဲ့ခြင်း၊ ကြွက်သားများနာကျင်ကိုက်ခဲခြင်း၊ လည်ချောင်းနာခြင်း၊ အန်ခြင်း၊ အရည်ဝမ်းသွားခြင်းများဖြစ်ပေါ်ပြီး အသည်းနှင့် ကျောက်ကပ်များပျက်စီးကာ ခန္ဓာကိုယ်အတွင်းအပြင် သွေးယိုထွက်မှုရှိခြင်းကြောင့် အသက်အန္တရာယ်ဖြစ်နိုင်ကြောင်း ရောဂါကူးစက်ပုံမှာ အီဘိုလာရောဂါပိုးရှိသူ သို့မဟုတ် တိရစ္ဆာန်တို့၏ ခန္ဓာကိုယ်မှထွက်သောအရည် တံတွေး၊ သွေးတို့နှင့် တိုက်ရိုက်ထိတွေ့ထားသည့် အရာဝတ္ထုများကို ကိုင်တွယ်မိခြင်းကြောင့် ရောဂါကူးစက်နိုင်ကြောင်း၊ ယနေ့အချိန်ထိ ကုသသည့်ဆေးမရှိသေးသောကြောင့် ရောဂါမဖြစ်ပွားရန် ကာကွယ်ရေးသည်သာ အဓိကအရေးကြီးကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် မိမိလက်ကိုဆေးရာတွင် တစ်မိနစ်ခန့် လက်ဆေးကြောရန် လိုအပ်ကြောင်း၊ ရောဂါဖြစ်ပွားမည့် လက္ခဏာ ဖြစ်လာပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူရန်လိုအပ်ပါကြောင်းတို့ကို ရှင်းလင်းဟောပြောခဲ့သည်။ **ထိန်လင်း(iprd)**



ပြည်တွင်းသတင်း

# သဘာဝအရင်းအမြစ်များ ထုတ်ယူသည့်စီးပွားရေးကို လျှော့ချသွားနိုင်အောင် ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံ သဘာဝအရင်းအမြစ်စီမံအုပ်ချုပ်မှုဆိုင်ရာ ညီလာခံကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

ညီလာခံ၌ မြန်မာနိုင်ငံ၏ Extractive Industries Transparency Initiative (EITI) လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်တွင် EITI ၏ လုပ်ငန်းအစီရင်ခံစာကို တင်ပြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ EITI လုပ်ငန်းများကို ရေရှည်တည်တံ့ကောင်းမွန်အောင် အုတ်မြစ်ချနိုင်ရေးကိုလည်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် မီဒီယာကဏ္ဍမှာ များစွာအရေးကြီးပါကြောင်း၊ အစိုးရအနေဖြင့် ဒီမိုကရေစီပန်းတိုင်ရောက်ရှိနိုင်ရန် ကြိုးစားဆောင်ရွက်နေပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းစဉ်ကိုလည်း ဆောင်ရွက်နေပါကြောင်း၊ တစ်ဖက်ကလည်း သဘာဝအရင်းအမြစ်များကို ထုတ်ယူသည့်စီးပွားရေးကို လျှော့ချသွားနိုင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့အတူ အရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားရေးမှာ အရေးကြီးပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတကာ EITI ဥက္ကဋ္ဌ Ms.Hon Clare Short က ပြောကြားရာတွင် EITI လုပ်ငန်းစဉ်များမှာ ပြုပြင်ပြောင်းလဲရေးကို တွန်းအားပေးနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် EITI အစီရင်ခံစာဆောင်ရွက်နေမှုကို ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသည့်အရင်းအမြစ် စီမံခန့်ခွဲမှုများ ဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း၊ EITI လုပ်ငန်းကို ပြည်နယ်လေးခုတွင် ဆောင်ရွက်သွားမည်ဟုလည်း သိရှိရပါကြောင်း၊ ယခုဖြစ်စဉ်မှာ နိုင်ငံရေးဖြစ်စဉ်ကို အထောက်အကူပြုနိုင်မည်ဟု ထင်မြင်ယူဆပါကြောင်း၊ EITI လုပ်ငန်းတွင် အရပ်ဘက်အဖွဲ့အစည်းများပါဝင်နေသည်ကိုလည်း သိရှိရပါကြောင်း၊ အရင်းအမြစ်များသည် ပြည်သူများ အသုံးပြုနိုင်ရန်ဖြစ်ပြီး သဘာဝသယံဇာတများမှ ရရှိလာသည့်ဝင်ငွေများကို မည်သို့စီမံခန့်ခွဲသုံးစွဲမည်ကို စနစ်တကျဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ ယင်းလုပ်ငန်းမှ ပြည်သူတို့၏ဘဝကိုမြှင့်တင်သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ EITI သုံးပွင့်ဆိုင်ညှိနှိုင်းပေါင်းအဖွဲ့မှ ဦးဝင်းမျိုးသူ(စိမ်းလန်းအမိမြေ)၊ Mr.Xavier Preel၊ မြန်မာနိုင်ငံ သတ္တုလုပ်ငန်းရှင်များအသင်းမှ ဦးအေးလွင်၊ ရွှေသဘာဝဓာတ်ငွေ့ လှုပ်ရှားမှုမှ ဦးဝင်းအောင်တို့က မြန်မာနိုင်ငံ၏ EITI လုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်လှလှကြည်၊ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်နိုင်နှင့် နိုင်ငံတကာပညာရှင်များက နိုင်ငံပိုင်ကော်ပိုရေးရှင်းများ၏ ပြုပြင်ပြောင်းလဲမှုအတွေ့အကြုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြမြဦးနှင့်ပညာရှင်များက သယံဇာတ အနာဂတ်ဘဏ္ဍာရေးရန်ပုံငွေ စီမံမှုဆိုင်ရာ အတွေ့အကြုံများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ EITI ညွှန်ကြားရေးမှူးတာဝန်ခံ နိုင်ငံတော်သမ္မတ၏စီးပွားရေးအကြံပေးဒေါက်တာဇော်ဦးနှင့် Head of the UK Department for International Development in Myanmar မှ Mr.Gavin McGillivary တို့က ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အရပ်ဘက်အဖွဲ့အစည်းများက နိုင်ငံတကာ EITI လိုအပ်ချက် စံချိန်စံညွှန်း ၁ ဒသမ ၃ တွင်ဖော်ပြထားသည့် ပြဋ္ဌာန်းချက်အပြည့်အစုံကို နိုင်ငံတော်ပြန်တမ်း နောက်ဆက်တွဲတွင် တရားဝင်ထည့်သွင်းထုတ်ပြန်ပေးရန်နှင့် ဒေသဆိုင်ရာ အစိုးရယန္တရားအဆင့်ဆင့်တွင် ကျင့်သုံးလာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဒေသဆိုင်ရာ သုံးပွင့်ဆိုင် ညှိနှိုင်းပေါင်းအဖွဲ့များ အမြန်ဆုံးဖော်ဆောင်ပြီး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန်၊ နိုင်ငံတစ်ဝန်းရှိ အရပ်ဘက်အဖွဲ့များအနေဖြင့် EITI လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အနှောင့်အယှက်အဟန့်အတားများ၊ ခြိမ်းခြောက်ခံရခြင်းများရှိနေခြင်းအပေါ် သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများက တရားဥပဒေအရ အကာအကွယ်ပေးရန်၊ သဘာဝသယံဇာတလုပ်ငန်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို ဒေသခံပြည်သူများထံသို့ အချိန်မီထုတ်ပြန်ပေးရန်နှင့် နိုင်ငံသားတိုင်း အလွယ်တကူ ရယူသိရှိနိုင်သော သတင်းအချက်အလက် ထုတ်ပြန်ရေးဆိုင်ရာ ဌာနများကို ကျယ်ကျယ်ပြန့်ပြန့် တည်ဆောက်ပေးရန်နှင့် ကောင်းမွန်သည့် သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ အများပြည်သူ လွတ်လပ်စွာ ပါဝင်နိုင်သည့်ဆွေးနွေးငြင်းခုံ အဖြေရှာပွဲများအား ပုံမှန်ဖန်တီးပေးရန်တို့လိုကြောင်း တိုက်တွန်းထားသည်။

EITI လုပ်ငန်းစဉ်အား ကျင့်သုံးခြင်းအားဖြင့် အခွန်ဘဏ္ဍာကောက်ယူခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များ ပိုမိုပွင့်လင်းမြင်သာမှုရှိလာနိုင်ခြင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများအား ပိုမိုဆွဲဆောင်လာနိုင်ခြင်း၊ နိုင်ငံတော်အစိုးရ၊ ကုမ္ပဏီများနှင့် ပြည်သူလူထုအကြား အပြန်အလှန်ယုံကြည်မှုခိုင်မာလာခြင်း၊ နိုင်ငံတော်အစိုးရ၊ ကုမ္ပဏီများနှင့် ပြည်သူလူထုအကြား အပြန်အလှန်ယုံကြည်မှု ခိုင်မာလာခြင်း အစိုးရ၏သဘာဝသယံဇာတနှင့် ဆက်စပ်သော အခွန်အကောက်ယူမှု အရည်အသွေးများအား ပိုမိုမြင့်မားလာစေပြီး အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကို အားကောင်းလာစေခြင်း အကျိုးကျေးဇူးများ ရရှိလာနိုင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ကော်ပိုရေးရှင်းအသွင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် အကြံပြုဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ (YESB) ကို ကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းရာတွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာ ပညာရှင်များနှင့် လုပ်ငန်းရှင်များပါဝင်သောအကြံပြုဆွေးနွေးပွဲကို ရန်ကုန်မြို့ အလုံမြို့နယ်ရှိ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၅ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။ **(ယာပုံ)**



ရန်ကုန်မြို့၏ လျှပ်စစ်ဓာတ်အားပေးဝေရေးစနစ်တစ်ခုလုံးကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမှု လျှော့ချကာ သီးသန့်ရန်ပုံငွေဖြင့် သီးခြားရပ်တည်ဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ပြည်တွင်းပြည်ပ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ပါဝင်ဆောင်ရွက်ခွင့်ရရှိရေး၊ တိုးပွားလာသော ရင်းနှီးမြှုပ်နှံမှုများဖြင့် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ လုံခြုံစိတ်ချရသော ဓာတ်အားဖြန့်ဖြူးမှု စနစ်တည်ဆောက်ပြီး တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အားဖြန့်ဝေနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့် ရရှိရေးတို့ကိုရှေးရှုကာ YESB အဖွဲ့ဝင်များ၊ သက်ဆိုင်ရာပညာရှင်များနှင့် လုပ်ငန်းရှင်များ အကြံပြုဆွေးနွေးကြခြင်းဖြစ်သည်။

အဆိုပါ အကြံပြုဆွေးနွေးပွဲကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ခိုင်၊ ဒုတိယဥက္ကဋ္ဌ၊ အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများ၊ နိုင်ငံတော်သမ္မတအကြံပေးအဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းဥက္ကဋ္ဌ ဦးဝင်းခိုင်နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ တာဝန်ရှိသူများ၊ FMI၊ IGE၊ MGS၊ Smart Group၊ IKBZ၊ Aung Myanmar၊ ဧရာဟသ်ာ စသည့် ကုမ္ပဏီများမှ ဥက္ကဋ္ဌနှင့် အမှုဆောင်ဒါရိုက်တာများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော်လျှပ်စစ်ပေးဝေရေးအဖွဲ့အား ကော်ပိုရေးရှင်းအသွင်ပြောင်းလဲရာတွင် ရရှိနိုင်မည့်အခွင့်အရေး၊ အားသာချက်များနှင့် ကြုံတွေ့ရမည့်အခက်အခဲ၊ စိန်ခေါ်မှုများကို အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အကြံပြုဆွေးနွေးချက်များအပေါ် အလေးထားသုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့မှ သိရှိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းမည်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များ ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်ပြည်သူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(၁) ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း ၀၁-၃၇၁၃၄၂၊ ၂၀၁၉၃၆

(၂) ညွှန်ကြားရေးမှူး(ပြန်/ဆက်)
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း ၀၆၇- ၄၁၂၁၆၄

(၃) မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း
ဖုန်း ၀၁-၃၉၈၇၅၆

## မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။






နိုင်ငံတကာသတင်း

## ဂျာမန်ဓားစာခံများ ပြန်လွတ်ရေး ဖိလစ်ပိုင်ကြိုးပမ်းနေ

**မနီလာ အောက်တိုဘာ ၁၆**

ဖိလစ်ပိုင် တောင်ပိုင်း ဆုလုပြည်နယ်၌ စစ်သွေးကြွများ ဖမ်းဆီးသွားသည့် ဂျာမန်ဓားစာခံနှစ်ဦး ဘေးအန္တရာယ်ကင်းစွာ ပြန်လွတ်လာရေးအတွက် ဖိလစ်ပိုင်အာဏာပိုင်များက ကြိုးစားနေကြကြောင်း ထိပ်တန်းအစိုးရအရာရှိတစ်ဦးက ပြောခဲ့သည်။

စစ်သွေးကြွများက ၎င်းတို့၏ တောင်းဆိုချက်များကို မလိုက်လျောပါက ဓားစာခံတစ်ဦးဖြစ်သည့် အသက် ၇၁ နှစ်အရွယ် ဂျာမန်ဆရာဝန်တစ်ဦးကို ကွပ်မျက်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့ပြီး ဓားစာခံများအတွက် ပြန်ရွေးငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅၇ သန်း တောင်းဆိုခဲ့ကြသည်။ ဂျာမနီနိုင်ငံသည် ဆီးရီးယားနှင့် အီရတ်ရှိအိုင်အက်စ်တို့ကို အမေရိကန်ဦးဆောင်တိုက်ခိုက်ရာ၌ ထောက်ပံ့မှုများပေးရန် တိမ်းရှောင်နေသည်။ **(ဆင်ဟွာ)**

## နီပေါနိုင်ငံ နှင်းမုန်တိုင်းတိုက်ခတ်မှု ဒါဇင်များစွာ ပျောက်ဆုံးနေဆဲ

**ခတ္တမန္ဒူ အောက်တိုဘာ ၁၆**

နီပေါနိုင်ငံအနောက်ပိုင်း တောင်တန်းဒေသများတွင် နှင်းမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ဆီးနှင်းပြိုကျခြင်း၌ နိုင်ငံခြားသားခရီးသွားများနှင့် နီပေါနိုင်ငံသား ဒါဇင်များစွာပျောက်ဆုံးနေဆဲဖြစ်ပြီး သေဆုံးသူစာရင်း နှစ်ဒါဇင်ကျော်ရှိလာပြီဖြစ်ကြောင်း နီပေါအာဏာပိုင်များက ပြောခဲ့သည်။

ယနေ့နံနက်အစောပိုင်းက နီပေါနိုင်ငံသား၊ အစ္စရေးနိုင်ငံသားနှင့် ပိုလန်နိုင်ငံသားတို့၏ ရုပ်အလောင်းငါးလောင်းကို ထပ်မံတွေ့ရှိခဲ့သည်။ တောင်တက်သမား ၁၀၀ ခန့် အဆက်အသွယ်ပြတ်တောက်နေဆဲဖြစ်ရာ ရှာဖွေရေးကိုလည်း ဆက်လက်လုပ်ကိုင်နေဆဲဖြစ်သည်။ ဆိုင်ကလုန်းမုန်တိုင်းဟွဒ်ဟွဒ်ကြောင့် နီပေါနိုင်ငံအနောက်ပိုင်း၌ နှင်းမုန်တိုင်းများ ပြင်းထန်စွာတိုက်ခိုက်ခြင်းနှင့် ဆီးနှင်းပြိုကျခြင်းတို့ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

## လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့၌ ထိုးစစ်ဆင်တိုက်ခိုက်၊ အဓိကမြို့ကြီးနှစ်မြို့ကို ပြည်သူ့စစ်များထိန်းချုပ်



**ဘင်ဂါဇီ အောက်တိုဘာ ၁၆**

အစ္စလာမ္မစ်စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်နေချိန် လစ်ဗျားနိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့တော် ဘင်ဂါဇီ၌ သေနတ်ပစ်တိုက်ခိုက်မှုများနှင့်လေကြောင်းမှ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါထိုးစစ်ဆင်တိုက်ခိုက်မှုတွင် အစိုးရတပ်များ ကျောထောက်နောက်ခံပြုသော ဗိုလ်ချုပ်ကြီးဟောင်း ခါလီဖာဟဖ်တာ၏ သစ္စာခံတပ်များ ပါဝင်တိုက်ခိုက်ခဲ့သည်ဟု ဆိုသည်။

ဘင်ဂါဇီမြို့ကို ပစ်မှတ်ထားပြီး လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်နေသည်ဆိုခြင်းအပေါ် အေပီသတင်းက ဖော်ပြခဲ့ခြင်းကို အီဂျစ်တို့က ငြင်းဆိုထားသည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်က ဗိုလ်မှူးကြီးကဒါဖီအား ဖြုတ်ချခဲ့သော စစ်သွေးကြွများအကြား အာဏာလုပွဲကြောင့် ပျက်စီးယိုယွင်းလျက်ရှိသည်။ ကြားဖြတ်အစိုးရအား နိုင်ငံတကာက အသိအမှတ်ပြုထားသော်လည်း မြို့တော်ထရီပိုလီ၌ မငြိမ်မသက်မှုများကြောင့် အခြားမြို့တစ်မြို့ဖြစ်သည့် တိုဘရွတ်မြို့သို့ ဒေသခံပြည်သူအများအပြား ထွက်ပြေးခဲ့ကြသည်။

သို့သော်လည်း ထရီပိုလီနှင့် ဘင်ဂါဇီ မြို့ကြီးနှစ်မြို့ကို ထိန်းချုပ်ထားသော ပြည်သူ့စစ်များက ယင်းတို့၏ ကိုယ်ပိုင်အစိုးရထူထောင်သွားမည်ဟု ကြေညာထားသည်။ မစ္စတာဟဖ်တာက ဘင်ဂါဇီမြို့ကို အစ္စလာမ္မစ်တို့ထံမှ ပြန်လည်ရယူရန် စစ်ဆင်ရေးတစ်ရပ်ကို ယခုသီတင်းပတ်တွင် ကြေညာခဲ့သည်ဟု အေအက်ဖ်ပီက ဖော်ပြသည်။ ယခုတိုက်ပွဲအတွင်း အနည်းဆုံး ၁၂ ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။ ဘင်ဂါဇီမြို့လမ်းများပေါ်တွင် တင့်ကားများတွေ့ရကြောင်း မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် အေအက်ဖ်ပီက ဖော်ပြသည်။ **(ဘီဘီစီ)**

## လွန်ခဲ့သည့်ဆယ်စုနှစ်အတွင်း ဘလိုချီစတန်ပြည်နယ်၌ အကြမ်းဖက်မှုများကြောင့် ပါကစ္စတန်ပြည်သူ ၃၀၀၀၀၀ ထွက်ပြေးကြရ

**ဘလိုချီစတန် အောက်တိုဘာ ၁၆**

လွန်ခဲ့သောဆယ်စုနှစ်အတွင်း ဘလိုချီစတန်ပြည်နယ်တောင်ပိုင်း၌ အကြမ်းဖက်မှုများကြောင့် ပါကစ္စတန်ပြည်သူ ၃၀၀၀၀၀ ကျော် ထွက်ပြေးကြရကြောင်း အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါအစီရင်ခံစာကို လွတ်လပ်သော ပါကစ္စတန်လူ့အခွင့်အရေးကော်မရှင်က ဗုဒ္ဓဟူးနေ့တွင် ထုတ်ပြန်ခဲ့သည်။ ဘလိုချီစတန်ပြည်နယ် အကြမ်းဖက်မှုကြောင့် ထွက်ပြေးကြရသူများတွင် ရှီးယိုက်နှင့် ဟိန္ဒူများပါဝင်ကြောင်း ၎င်းအစီရင်ခံစာက ဖော်ပြထားသည်။

အဆိုပါ မငြိမ်မသက်မှုကြောင့် ထွက်ပြေးလာသူ ၂၀၀၀၀၀ ခန့်ကို ပါကစ္စတန်အဓိကမြို့ကြီးများနှင့် ကျေးလက်ဒေသများ၌ ပြန်လည်နေရာချထားနိုင်ခဲ့ပြီဖြစ်ကြောင်း ၎င်းအစီရင်ခံစာက ဖော်ပြသည်။

ထိုအတောအတွင်း ပါကစ္စတန်ပြည်သူများနှင့် လုံခြုံရေးတပ်များသည် အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသော အယ်လ်အီးဂျေအဖွဲ့၏ တိုက်ခိုက်မှုများကြောင့် သေဆုံးလျက်ရှိသည်။ ပါကစ္စတန် ကွက်တာမြို့၌ ရှီးယိုက်နှင့်ဟာဇာရာတို့အား အယ်လ်အီးဂျေအဖွဲ့က ဗုံးခွဲတိုက်ခိုက်မှုများပြုလုပ်နေကြောင်း အစီရင်ခံစာက ထပ်လောင်းဖော်ပြသည်။ ပါကစ္စတန်နိုင်ငံတွင် အဆိုပါတိုက်ခိုက်မှုများအတွင်း လူပေါင်း ၅၀၀၀၀ နီးပါး သေဆုံးသွားပြီဖြစ်ကြောင်းလည်း သိရသည်။ **(ပရက်စ်တီဗွီ)**




## အိုင်အက်စ်တို့ ဆီးရီးယားမြို့ ကိုဘာနီမှ ဆုတ်ခွာနေရ

**ကိုဘာနီ အောက်တိုဘာ ၁၆**

အိုင်အက်စ်စစ်သွေးကြွများသည် ဆီးရီးယား၏ မဟာဗျူဟာမြောက် ကိုဘာနီမြို့၏ နေရာအတော်များများမှ ဆုတ်ခွာခဲ့ရကြောင်း ကာ့ဒ်အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

မကြာသေးမီရက်များက အဆိုပါမြို့၏ ၂၀ ရာခိုင်နှုန်းကျော်ကို အိုင်အက်စ်တို့ မထိန်းချုပ်နိုင်ခဲ့ကြောင်း အစ်ဒရစ်နာဆန်က ဘီဘီစီသို့ ပြောခဲ့သည်။

အမေရိကန်ဦးဆောင် လေကြောင်း တိုက်ခိုက်မှုကြောင့် ကိုဘာနီမြို့တွင် စစ်သွေးကြွ ရာကျော် သေဆုံးခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးအရာရှိများက ပြောခဲ့သည်။

အီရတ်နှင့် ဆီးရီးယားရှိ အိုင်အက်စ်လှုပ်ရှားမှုများကို ရပ်တန့်ရန် ပိုမိုလုပ်ဆောင်သွားမည်ဟု အမေရိကန်သမ္မတ ဘားရက်အိုဘားမားနှင့် အနောက်နိုင်ငံခေါင်းဆောင်များက သဘောတူခဲ့သည်။

ဗီဒီယိုဆွေးနွေးပွဲတစ်ခုတွင် အီရတ်၏နိုင်ငံရေးချဉ်းကပ်မှုကို ပိုမိုထောက်ပံ့ရန်နှင့် အီရတ်နှင့်ဆီးရီးယားတို့တွင် ဒေသတွင်းတပ်ဖွဲ့ဝင်များကိုလေ့ကျင့်ပေးရန် အမေရိကန်သမ္မတအိုဘားမားနှင့် ယူကေ၊ ပြင်သစ်၊ ဂျာမနီနှင့်အီတလီတို့ သဘောတူညီခဲ့ကြောင်းကို ယူကေဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းရုံး၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ကိုဘာနီရှိ ကာ့ဒ်ဝိုင်ပီဂျီတပ်ဖွဲ့ဝင်များ အိုင်အက်စ်တို့ကို တိုက်ခိုက်ရာတွင် ပိုမိုတိုးတက်လာကြောင်း မစ္စတာနာဆန်က ပြောခဲ့သည်။

မြို့တော်ကိုဘာနီကို လွန်ခဲ့သောရက်များက အိုင်အက်စ်တို့က ၄၀ ရာခိုင်နှုန်းသိမ်းပိုက်နိုင်ခဲ့ပြီး ယခုအခါတွင် ၂၀ ရာခိုင်နှုန်းထက်လျော့နည်းလာကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

ယနေ့တွင်ကာ့ဒ်ဝိုင်ပီဂျီသည် ကိုဘာနီမြို့၏ အရှေ့တောင်နှင့်အရှေ့ဘက်တို့တွင် ရှင်းလင်းရေးလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်သည်။

ဝိုင်းရံထားသော အဆိုပါမြို့၏ အတွင်းအပြင်တွင် စစ်သွေးကြွရာပေါင်းများစွာ သုတ်သင်ခံခဲ့ရကြောင်း အမေရိကန်ကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူ ဂျွန်ကာဘီက ပြောခဲ့သည်။ ၎င်းသုတ်သင်ခံရခြင်းသည် အိုင်အက်စ်တို့ကို တဖြည်းဖြည်းကျဆုံးစေခြင်းပင်ဖြစ်သည်။

အိုင်အက်စ်တို့သည် ၎င်းတို့အတွက် မဟာဗျူဟာကျသော ကိုဘာနီမြို့ကို သိမ်းပိုက်ချင်သည်မှာ ဆိုဖွယ်ရာမရှိပေ။ ထို့ကြောင့် ၎င်းတို့သည် ကိုဘာနီမြို့ကို ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို ဆက်လက်စေလွှတ်ဦးမည်မှာ မလွဲဧကန်ဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားခဲ့သည်။ **(ဘီဘီစီ)**



## အာဖဂန်မြောက်ပိုင်း၌ မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့် တာလီဘန်စစ်သွေးကြွ ၁၅ ဦး သေဆုံး

**ဟီရတ် အောက်တိုဘာ ၁၆**

စစ်သွေးကြွများပုန်းအောင်းနေထိုင်ရာ အာဖဂန်နစ္စတန်မြောက်ပိုင်း ဟီရတ်မြို့ကို နေတိုးခေါင်းဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များက မောင်းသူမဲ့လေယာဉ်များဖြင့် လေကြောင်းတိုက်ခိုက်မှုများ ညလုံးပေါက်ပြုလုပ်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၁၅ ဦးခန့် သေဆုံးခဲ့ကြောင်း အာဖဂန်တပ်မတော်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ကြာသပတေးနေ့နံနက်ပိုင်းက ပြောကြားခဲ့သည်။

မျက်မြင်သက်သေတစ်ဦး၏ပြောပြချက်အရ ညွန့်ပေါင်းတပ်ဖွဲ့၏ မောင်းသူမဲ့လေယာဉ်များဖြင့် လေကြောင်းတိုက်ခိုက်မှုကို အိုဘေးပြည်နယ် လောကဆန်ဂျ်ဒေသတွင် ညသန်းခေါင်ဝန်းကျင်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုက်ခိုက်မှုဖြစ်ပွားရာတွင် အဗ္ဗဒူရာမန်မာဒါဟုခေါ်သော တာလီဘန်အဆင့်မြင့်ခေါင်းဆောင်တစ်ဦးအပါအဝင် စစ်သွေးကြွ ၁၅ ဦး သေဆုံးခဲ့ရကြောင်း အာဖဂန်တပ်မတော်မှပြောရေးဆိုခွင့်ရှိသူက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

သေဆုံးသွားသော စစ်သွေးကြွများမှာ အဆိုပါပြည်နယ်၏ တည်ဆောက်ဆဲဖြစ်သော ဆလမ်ရေအားလျှပ်စစ်ဆည်၏ လုံခြုံရေးဂိတ်များကို တိုက်ခိုက်ရေးလုပ်ငန်းများပြုလုပ်ရန် တာဝန်ရှိသူများဖြစ်ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ထပ်လောင်းပြောကြားခဲ့သည်။

အဆိုပါသေဆုံးစစ်သွေးကြွများမှာ လွန်ခဲ့သောတစ်နှစ်ကျော်က လုံခြုံရေးတပ်ဖွဲ့ဝင် ၈၀ ကျော်ကို သေဆုံးဒဏ်ရာရအောင် ပြုလုပ်ခဲ့ရာတွင် ပါဝင်ခဲ့သောသူများဖြစ်သည်။ အာဖဂန်သမ္မတ အာရှရပ်ဂနီက မြောက်ပိုင်းပြည်နယ်၏ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အဆိုပါဆည်ကို လာရောက်ထိပါး ကျူးကျော်သူများကိုသုတ်သင်ရန် အမိန့်ပေးပြီးနောက် ဤကဲ့သို့တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## အရှိန်ပြင်းစွာမောင်းနှင်လာသောယာဉ် လမ်းပေါ်၌ တိမ်းမှောက်

**ရန်ကုန် အောက်တိုဘာ ၁၆**



အောက်တိုဘာ ၁၆ ရက် နံနက် ၃ နာရီခန့်က ကမ်းနားလမ်းအတိုင်း မြောက်မှ တောင်ဘက်သို့ ယာဉ်မောင်း စိန်ဝင်းနိုင် မောင်းနှင်လာသော 2E-.....Nissan AD Van အမျိုးအစား ကိုယ်ပိုင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ၊ အလုံမြို့နယ် စောရန်ပိုင်အနောက်ရပ်ကွက်၊ ထော်လီကွေ့မှတ်တိုင်အနီး ဂက်စ်ဆိုင်ရှေ့၌ တိမ်းမှောက်မှုဖြစ်ခဲ့သည်။

ယာဉ်တိမ်းမှောက်ရာသို့ အလုံမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာပြီး ပြည်သူများနှင့်အတူ ကားကို ပြန်ထောင်ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ဘယ်ဘက်တံခါးမှန်ကွဲ၊ ညာဘက်တိုက်ရှော့ကျိုး၊ အင်ဂျင်ကွဲသွားပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **တင်မောင်ဦး(အလုံ)**

## ဟိုတယ်ကားပါကင်၌ ရပ်တန့်ထားခဲ့သော မော်တော်ယာဉ်ပိုင်ရှင်ကို စုံစမ်းလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၆**

ဒဂုံမြို့နယ် ပြည်လမ်းရှိ Taw Win Garden Hotel လက်ထောက်မန်နေဂျာက အောက်တိုဘာ ၁၃ ရက် ည ၉ နာရီက ဟိုတယ်ကားပါကင်၌ ယာဉ်များကို ရှင်းလင်းစဉ် B-2 ကားပါကင်တွင် ရပ်ထားသော YGN/---- နံပါတ်တပ်ဆင်ထားသည့် TOYOTA Belta အမျိုးအစား အဖြူရောင်ယာဉ်ကို တွေ့ရှိသဖြင့် ပိုင်ရှင်ကို မေးမြန်းရှာဖွေသော်လည်း အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီအထိ စုံစမ်း၍မရသဖြင့် ဒဂုံမြို့မရဲစခန်းသို့ အကြောင်းကြားလာခဲ့ကြောင်း သိရသည်။



ထိုကဲ့သို့ အကြောင်းကြားချက်အရ ဒဂုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးကာ ရဲစခန်း၌ ထိန်းသိမ်းထားရှိပြီး ပိုင်ရှင်ကို စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**

ကမ္ဘာ့လေဖြတ်ရောဂါကာကွယ်ရေးနေ့
အောက်တိုဘာလ(၂၉) ရက်နေ့
"အမျိုးသမီးများဂရုထား၊ လေဖြတ်ရောဂါအန္တရာယ်များ"
"I am Woman: Stroke affects me"
World Health Organization
ကျန်းမာရေးဝန်ကြီးဌာန

## ရန်ကုန်လေဆိပ်ရှေ့ Season Hotel ၌ မီးလောင်မှုဖြစ်ပွား



**ရန်ကုန် အောက်တိုဘာ ၁၆**

မင်္ဂလာဒုံမြို့နယ် အနန်းပင်ရပ်ကွက် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှေ့ရှိ Season Hotel အခန်းအမှတ်(၂၂၈)တွင် အောက်တိုဘာ ၁၆ ရက် ညနေ ၄ နာရီ ၄၅ မိနစ်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မီးလောင်ရာနေရာသို့ မီးသတ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ်နှစ်စီးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် တာဝန်ရှိသူများ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

## ဖြူးမြို့နယ်တွင် ဆေးခြောက် ၃ ဒသမ ၅၉၂၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၄ ရက်က ဖြူးမြို့နယ် အုတ်ဖြတ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များသည် အုတ်ဖြတ်ရဲကင်းရှေ့ လမ်းမပေါ်တွင် အုတ်ဖြတ်ကျေးရွာဘက်မှ ဖြူးမြို့ဘက်သို့ အေးမြင့် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ မော်တော်ဆိုင်ကယ်ရှေ့ခွကြားရှိ လက်ဆွဲအိတ်အတွင်းနှင့် မြွေရေခွံအိတ်အတွင်းမှ ကြွပ်ကြွပ်အိတ်ဖြင့်ထည့်လျက် ဆေးခြောက် ၃ ဒသမ ၅၉၂၆ ကီလို သိမ်းဆည်းရမိသဖြင့် အေးမြင့်(၅၅ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အေးမြင့်ကို ဖမ်းဆီးရမိ ဆေးခြောက်များနှင့်အတူ တွေ့ရစဉ်။

## လားရှိုးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၂၇၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၆**

အောက်တိုဘာ ၁၄ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့ ရပ်ကွက် (၁၂) နယ်မြေ (၁၈) သိန်းနီလမ်းရှိ မောစတားဟိုတယ် အခန်းအမှတ် (၁၃)ကို သတင်းအရ ရှာဖွေရာ အခန်းအတွင်း နိုင်ဝင်းကို တွေ့ရှိရပြီး ၎င်းဝတ်ဆင် ထားသည့် အင်္ကျီယာဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀ သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ လားရှိုးမြို့ ရပ်ကွက်(၁၁)နေ အောင်နိုင်ဦး၏ နေအိမ်ကိုရှာဖွေရာ အိပ်ခန်းအတွင်းရှိ စာအုပ်စင်အောက်မှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀ ကို သိမ်းဆည်းရမိသဖြင့် နိုင်ဝင်း(၃၃ နှစ်)နှင့် အောင်နိုင်ဦး (၄၃ နှစ်)တို့ နှစ်ဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာပျော်ရွှင် မူးယစ်ကင်းစင်သည့် လူ့ဘောင်ဘဝဖြစ်လာဖို့ တစ်ကမ္ဘာလုံး ဝိုင်းဝန်းဆောင်ရွက်စို့

## ရေမော်တာမီးပလပ်ကြိုးထိုးရာမှ ဓာတ်လိုက်သေဆုံး

**ရန်ကုန် အောက်တိုဘာ ၁၆**

ရွှေပြည်သာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် (၉/၃)ရပ်ကွက် ရတနာသိင်္ဂီပတ်လမ်းတွင် အမျိုးသမီးတစ်ဦး ဓာတ်လိုက်သေဆုံးနေကြောင်း သတင်းအရ အောက်တိုဘာ ၁၄ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်က သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ ဒေါ်တင်ရီ(၅၈ နှစ်) ဖြစ်ပြီး ယာလက်မ၌ ညိုမည်းဒဏ်ရာရရှိထားသည်ကို တွေ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ သေဆုံးသူသည် နေအိမ်တွင် ရေတင်ရန် အိမ်ရှေ့ရေကန်ဘေးရှိ ရေမော်တာကို မီးပလပ်ကြိုးထိုးရာမှ ဓာတ်လိုက်သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်လှမောင်**




### ဖခင်အမည်မှန်

ဟင်္သာလင်းမြို့၊ အထက ၁ တက္ကသိုလ်ဝင်တန်း(A)မှ မမေနှင်းသူ ကျောင်းဝင်အမှတ် ၉၉၈၇ ၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝင်း(ခ) ဦးဇော်မိုးဝင်း ၅/ဖပန(နိုင်)၀၂၈၉၄၀ ဖြစ်သည်။ **ဦးဇော်မိုးဝင်း**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဆေးပညာသတင်းဆန်းများ (၇၈)

**ဒေါက်တာ ကံညွန့်**

ယခုဖော်ပြလိုတဲ့ သတင်းကတော့ ကလေးတွေကို နံနက်စောစော ကျောင်းသွားခိုင်းခြင်းဟာ ကလေးကိုအိပ်ရေးမဝဖြစ်စေနိုင်ပြီး ကလေးတွေရဲ့ ကိုယ်စိတ်ကျန်းမာရေးကို ထိခိုက်နိုင်တယ်ဆိုတဲ့ သတင်းပါ။ သူတို့အဆိုအရ ကလေးကျောင်းတက်ချိန်ကို နံနက် ၈ နာရီခွဲထက် မစောသင့်ဘူးလို့ ဆိုပါတယ်။ ဒီလေ့လာချက်ကို ထုတ်ပြန်လိုက်တာက American Academy of Pediatries (AAP) အသင်းကြီးက ဖြစ်ပြီး Pediatries ဂျာနယ်မှာ ဖော်ပြထားတာပါ။ ကလေးတွေဟာ အနည်းဆုံး ၁၀ နာရီလောက် အိပ်သင့်ပြီး နံနက် ၇ နာရီခွဲ ၈ နာရီမှာ ကျောင်းသွားတာဟာ အိပ်ရေးမဝဖြစ်စေကာ ကလေးတွေရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို ထိခိုက်စေပြီး တာရှည်အအိပ်နည်းပါးစေခြင်းဟာ စိတ်ကျရောဂါ၊ အဝလွန်ရောဂါတို့ကိုပါ ဖြစ်စေနိုင်တယ်လို့ ဆိုပါတယ်။ ကလေးတွေကို နောက်ကျမှ ကျောင်းလွှတ်ခြင်းဖြင့် ကလေးတွေ ကျောင်းမှာအိပ်ငိုက်တဲ့ အချိန်ကို အထူးလျော့ပါးစေပြီး စာသင်ကြားရာမှာ ပိုမိုစိတ်ဝင်စားမှု များလာနိုင်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် အမေရိကန်နိုင်ငံမှာတော့ ဝါရှင်တန်ဒီစီမှာရှိတဲ့ Children National Health System က ကလေးတွေရဲ့ ကျောင်းတက်ချိန်ကို ပြောင်းလဲသတ်မှတ်ဖို့ စီစဉ်နေပါတယ်။ နောက်ပြီး APP အသင်းအောက်မှာရှိတဲ့ Adolescent Sleep Working Group ကလည်း Council of School Health ကော်မတီနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ သူတို့ဟာ ကျောင်းတက်စအရွယ်မှ မြီးကောင်ပေါက်စ ဆယ်ကျော်သက်အရွယ်အထိ အိပ်ရေးဝအောင် အိပ်ပြီးမှ ကျောင်းတက်သင့်တဲ့အကြောင်း အကြံပြုထားတာကို တင်ပြလိုက်ရပါတယ်။

### ကင်ဆာရောဂါရှင်များ စိတ်ကျရောဂါခံစားနေရ

နောက်ဖော်ပြလိုတဲ့သတင်းကတော့ ကင်ဆာရောဂါရှင်တွေအားလုံးရဲ့ လေးပုံ သုံးပုံဟာ စိတ်ကျရောဂါ (Depression )ကို ဆိုးရွားစွာ ခံစားနေရပြီး အများအားဖြင့် သူတို့ဟာ ဒီစိတ်ရောဂါအတွက် ကုသမှုမခံယူကြရဘူးလို့ လေ့လာချက်တစ်ခုက ထောက်ပြထားပါတယ်။ ဒီလေ့လာချက် ပြုလုပ်ခဲ့တာကတော့ အင်္ဂလန်နိုင်ငံ Oxford နှင့် Edinburg တက္ကသိုလ်က ဆေးပညာရှင်တွေဖြစ်ပါတယ်။ သူတို့အဆိုအရ ပြင်းထန်တဲ့ စိတ်ကျရောဂါဟာ သာမန်လူထုထဲမှာထက် ကင်ဆာရောဂါဝေဒနာရှင်တွေမှာ ပိုများတယ်လို့ ဆိုပါတယ်။ သူတို့ဟာ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း Scotland မှာရှိတဲ့ ဆေးခန်းတွေက ကင်ဆာရောဂါဝေဒနာရှင်ပေါင်း ၂၁၀၀၀ ကို လေ့လာထားခဲ့ကြတာဖြစ်ပါတယ်။ စိတ်ကျရောဂါ အများဆုံး ခံစားရတတ်တဲ့ ကင်ဆာရောဂါအမျိုးမျိုးတွေထဲမှာ အဆိုးရွားဆုံးကတော့ အဆုတ်ကင်ဆာဖြစ်ပြီး ဒုတိယကတော့ မီးယပ်နှင့် ပတ်သက်တဲ့ အမျိုးသမီးတွေရဲ့ သားအိမ်နဲ့ သားအိမ်ခေါင်းကင်ဆာတွေ ဖြစ်တယ်လို့ ဆိုပါတယ်။ နောက်ပြီးမှ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာတို့ဖြစ်ပြီး နောက်ဆုံးမှာတော့ ဆီးလမ်းကြောင်းကင်ဆာတို့ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ယခုအခါ ဆေးသုတေသီတွေဟာ ကင်ဆာဆရာဝန်ကြီးတွေနှင့် စိတ်ရောဂါဆရာဝန်၊ မိသားစုဆရာဝန်တွေပါဝင်မယ့် Depression Care For People with Cancer (DCPC) ခေါ်တဲ့ အဖွဲ့တစ်ခုကို ဖွဲ့စည်းပြီး ကင်ဆာဝေဒနာရှင်တွေ စိတ်ကျရောဂါနှင့် ပတ်သက်ပြီး ကုသပေးနိုင်တဲ့ စီမံကိန်းတစ်ခုကို အကောင်အထည်ဖော်ဖို့ လုပ်ဆောင်နေကြပါတယ်။ ဒါဟာ ကင်ဆာဖြစ်သူတွေ စိတ်ချမ်းမြေ့စွာ နေနိုင်ဖို့နှင့် သူတို့ကို လျစ်လျူရှုနေခြင်းဖြင့် စိတ်ကျရောဂါမဖြစ်အောင် လုပ်ရတဲ့ စီမံကိန်းဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### အမေ့လွန်ရောဂါဖြစ်နိုင်ခြေ ရှိ မရှိ ကြိုတင်သိနိုင်

အသက်အရွယ်ကြီးလာရင် မျက်စိစစ်ဆေးခြင်းဖြင့် သက်ကြီးရွယ်အိုတွေမှာ ဖြစ်တတ်တဲ့ အမေ့လွန်ရောဂါ(Alzheimer's Disease ) ဖြစ်နိုင်ခြေရှိမရှိ ကြိုသိနိုင်ပြီဆိုတဲ့ သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ Australia နိုင်ငံက ဆေးပညာရှင်တွေ တွေ့ရှိခဲ့တာဖြစ်ပါတယ်။ Australia နိုင်ငံမှာအခြေစိုက်တဲ့ ဓနသဟာယနိုင်ငံပေါင်းစုံ သိပ္ပံနှင့် စက်မှုဆိုင်ရာ သုတေသနအဖွဲ့ Common Wealth Scientific and Industrial Research Organization (CSIRO) ခေါ်တဲ့ အဖွဲ့ကြီးက ဦးဆောင်သုတေသနပြုခဲ့ကြတာဖြစ်ပါတယ်။ သူတို့ပြုလုပ်ခဲ့တဲ့ လေ့လာမှုမှာ လူ ၂၀၀ ခန့် ပါဝင်ခဲ့ပြီး Tumeric Spice ခေါ်တဲ့ ဟင်းခပ်ပစ္စည်းတစ်ခုဖြစ်တဲ့ နနွင်းမှာပါတဲ့ (Curcumin ) ဆိုတဲ့ဓာတ်နဲ့ Beta- amyloid Protein နှစ်မျိုးပေါင်းစပ်ပြီး ဦးနှောက်ရဲ့ ကလာပ်စည်းတွေမှာ အနည်ထိုင်တာကြောင့် Alzheimer ရောဂါဖြစ်ရတယ်ဆိုတာကို အခြေခံပြုစမ်းသပ်ခဲ့တာဖြစ်ပါတယ်။ ဒီလိုပေါင်းစပ်နေတာကို မျက်စိအတွင်းက အာရုံခံလွှာဖြစ်တဲ့ Retina မှာ တွေ့နိုင်တယ်လို့ ဆိုပါတယ်။ ပထမစမ်းသပ်တဲ့ လူအယောက် ၄၀ ထဲမှာ Alzheimer ရှိတဲ့သူတွေမှာ ၁၀၀ ရာခိုင်နှုန်း ဒီလိုပေါင်းစပ်တာကို တွေ့နိုင်ပြီး ရောဂါမရှိသူတွေမှာ ၈၀ ရာခိုင်နှုန်း မတွေ့ရဘူးလို့ ဆိုပါတယ်။ ဒီလိုမျက်စိမှာ သဲလွန်စတွေ့ပြီဆိုတာနဲ့ နောက်ထပ် ဦးနှောက်ကို စစ်ဆေးနိုင်တဲ့ MRI ( Magnetic Resonance Imaging ), P.E.T (Positrol Emission Tomography) နည်းတွေနဲ့ ပိုသေချာအောင် စစ်ဆေးနိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

### ကင်ဆာရောဂါကို စောစီးစွာကုသမှုခံယူ

ကင်ဆာရောဂါဟာ စောစီးစွာ ကုသမှုခံယူရင် အသက်ရှည်နိုင်စွမ်းရှိပေမယ့် နောက်ကျပြီးမှ ကုကြရင်တော့ ကုရမလွယ်ကူတဲ့ ရောဂါတစ်ခုပါပဲ။ ကင်ဆာရောဂါကို ကုနိုင်ဖို့ ဆေးသိပ္ပံပညာရှင်တွေ အမျိုးမျိုးကြိုးစားခဲ့ရာမှာ ယခုအခါ ကင်ဆာရောဂါတော်တော်များများကို ကုသနိုင်မယ့် ဆေးတစ်ခုကို တီထွင်နိုင်ခဲ့ကြပါတယ်။ ဒီဆေးကိုတော့ Cisplatin လို့ အမည်ပေးထားပြီး Platin M အမည်နဲ့ ထုတ်လုပ်မှာ ဖြစ်ပါတယ်။ ဒီဆေးကို ရှာဖွေတွေ့ရှိခဲ့တာကတော့ အမေရိကန်နိုင်ငံ Georgia University က ဆေးသိပ္ပံပညာရှင်တွေဖြစ်ပါတယ်။ ဒီဆေးကို Nano နည်းပညာနဲ့ ပြုလုပ်ခဲ့တာဖြစ်ပြီး ဒီဆေးအစိတ်အပိုင်းတစ်ခုစီဟာ ဆံပင်ချည်မျှင်ထက် အဆ ၁၀၀၀ သေးငယ်တဲ့ particle တွေနဲ့ ပြုလုပ်ထားတာလို့ ဆိုပါတယ်။ ဒီဆေးရဲ့ အစွမ်းဟာ Cancer Cells တွေရဲ့ အရေးကြီးဆုံးအပိုင်းဖြစ်တဲ့ Mitochondrial DNA ကို တိုက်ရိုက်တိုက်ဖျက်နိုင်တာလို့ ဆိုပါတယ်။ ဒီဆေးဟာ ကင်ဆာအမျိုးပေါင်း ငါးမျိုးကို ကုသနိုင်မှာ ဖြစ်ပါတယ်။ အဲဒီကင်ဆာတွေကတော့ ဆီးအိမ်(Bladder)၊ မျိုးဥ (Ovarian )၊ သားအိမ်ခေါင်း (Cervical)၊ ဝှေးစေ့ (Testis )နှင့် အဆုတ် ( Lung) ကင်ဆာတို့ပဲ ဖြစ်ပါတယ်။ ဒီဆေးပေါ်ပေါက်လာတာဟာ ကင်ဆာဝေဒနာရှင်တွေအတွက် ဝမ်းသာစရာသတင်းတစ်ခုအဖြစ် ဖော်ပြလိုက်ရပါတယ်။

### နှလုံးကြွက်သားလှုပ်ရှားမှု အားပျော့ရောဂါ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ Heart Failure ခေါ်တဲ့ နှလုံးကြွက်သားလှုပ်ရှားမှု အားပျော့သွားတဲ့ရောဂါအတွက် ပေါ်လာတဲ့ အစွမ်းထက်တဲ့ ဆေးတစ်ခုအကြောင်းပါ။ ဒီဆေးကို LCZ 696 လို့ အမည်ပေးထားပြီး ထုတ်လုပ်တဲ့ ကုမ္ပဏီကတော့ Swisszerland နိုင်ငံက နာမည်ကြီး Novartis ဆေးကုမ္ပဏီဖြစ်ပါတယ်။ ဒီဆေးအကြောင်းကို စပိန်နိုင်ငံ Barcelona မှာ ကျင်းပတဲ့ European Society of Cardiology မှာ တင်ပြခဲ့တာဖြစ်ပါတယ်။ ဒီဆေးနှင့် ပတ်သက်ပြီး စမ်းသပ်ထားချက်တွေကို နှလုံးရောဂါပါရဂူတွေက ဆွေးနွေးလက်ခံခဲ့ကြတာဖြစ်ပါတယ်။ Heart Failure ရောဂါမှာ နှလုံးကို ရောက်လာတဲ့ သွေးတွေကို ကိုယ်ခန္ဓာတစ်ခုလုံးရောက်အောင် နှလုံးကြွက်သားက ညှစ်ထုတ်မပေးနိုင်တော့တာဖြစ်ပါတယ်။ ဒါဟာ Ventricle ခေါ်နှလုံးရဲ့ အောက်ဘက်ကြွက်သားဟာကြီးပြီး အားပျော့သွားတာကြောင့် ဖြစ်တာပါ။ ဒီအခြေအနေကို တိုးတက်အောင် ဒီဆေးက ဆောင်ရွက်နိုင်မယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် Heart Failure ဝေဒနာရှင်တွေအတွက် အသက်ပိုရှည်နိုင်တဲ့ ဆေးအဖြစ် ဖော်ပြလိုက်ရပါတယ်။

### အဝလွန်ရောဂါဖြစ်သူများ သတိထားနေထိုင်သင့်

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကိုယ်အလေးချိန်များနေသူတွေနဲ့ အဝလွန်ရောဂါ ဖြစ်နေသူတွေအတွက် ဘယ်လိုသတိထားနေထိုင်သင့်တယ်ဆိုတဲ့ လမ်းညွှန်ချက်ပါ။ ဒီလမ်းညွှန်ချက်ကို အမေရိကန်နိုင်ငံ ရောဂါကာကွယ်ရေးဆိုင်ရာ တပ်ဖွဲ့ United States Preventive Services Task Force (USPSTF) အဖွဲ့ကြီး က ထုတ်ပြန်လိုက်တာပါ။ ကိုယ်အလေးချိန် သာမန်ထက်ပိုများနေသူတွေ၊ အဝလွန် ဖြစ်နေသူတွေ၊ အမှတ်(၂) ဆီးချိုရောဂါရှိနိုင်သူတွေဟာ သွေးတိုးရောဂါရှိပြီး သွေးထဲမှာ Cholestrol နှင့် သကြားဓာတ် (Sugar) သာမန်ထက် များနေတယ်ဆိုရင် Metabolic Syndrone ရှိသူတွေလို့ သတ်မှတ်ထားပါတယ်။ ဒီလူတွေဟာ နှလုံးရောဂါဖြစ်နိုင်ခြေ အလွန်မြင့်မားနေတာကြောင့် ဒီလူတွေဟာ သမားတော်ကြီးတွေထဲမှာ ဆေးစစ်ကုသမှုခံယူပြီး သူတို့ရဲ့လမ်းညွှန်မှု အောက်မှာ နေသင့်ကြောင်း အကြံပြုထားပါတယ်။ ဒီအကြောင်းကို အမေရိကန်နိုင်ငံမှာ ထုတ်ဝေတဲ့ Annals of Internal Medicine ဂျာနယ်မှာ ဖော်ပြထားတာပါ။ လူတစ်ယောက်ဟာ သူ့အတွက် အလေးချိန် ပိုများနေသလား၊ အဝလွန်ဖြစ်နေသလားဆိုတာကို သူ့ရဲ့အရပ်နှင့် အလေးညွှန်း Body Mass Index အရ သိနိုင်ပါတယ်။ အလေးချိန်ပိုနေသူ Over-weight နှင့် အဝလွန်သူ Obesity ဖြစ်နေလင့်ကစား ဒီလူမှာ သွေးတိုး၊ ဆီးချိုမရှိဘူး၊ သွေးထဲမှာ Cholestrol ဓာတ်ကလည်း သာမန်ထက်မပိုဘူးဆိုရင် ဒီလူကို Metabolically Healthy Obesity (M.H.O) လို့ သတ်မှတ်ပြီး ဒီလူဟာ နှလုံးရောဂါ ဖြစ်နိုင်ခြေနည်းပါးကြောင်း တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများတင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

---

## မိုးညှင်းနည်းပညာကောလိပ်အား အဂေါ်ျတီအိုင်သင်တန်း ပြောင်းလဲဖွင့်လှစ်ခဲ့သဖြင့် ကျောင်းတက်သူများ လျော့နည်းသွားသည်ဟုဆို

**မိုးညှင်း အောက်တိုဘာ ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ အစိုးရနည်းပညာ ကောလိပ်အား ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစ၍ အဂေါ်ျတီအိုင် သင်တန်းအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်လိုက်သဖြင့် ဒေသခံများက ကျေနပ်နှစ်ခြိုက်မှုမရှိကြောင်း ဝေဖန်ပြောဆိုနေကြသည်။



"ကောလိပ်ကနေ တက္ကသိုလ်ဖြစ်မယ်လို့ မျှော်မှန်းထားခဲ့ကြတယ်။ အခုတော့ တက္ကသိုလ်မဟုတ်ဘဲ အဂေါ်ျတီအိုင်သင်တန်း ပြန်ပြီးဖွင့်လိုက်တော့ အခက်အခဲဖြစ်ကုန်ကြပြီး အခြားမြို့ကို သွားတက်ရတော့ ကုန်ကျစရိတ် ကြီးမားလို့ ပညာဆက်လက် မသင်ယူနိုင်ဘဲ ပြန်ခဲ့ရတဲ့သူတွေရှိနေတယ်" ဟု ကျောင်းသားမိဘတစ်ဦးက ပြောသည်။

ယခင်က အစိုးရနည်းပညာ ကောလိပ်(မိုးညှင်း) ကျောင်းသည် ကျောင်းသားကျောင်းသူ တစ်ထောင်နီးပါးရှိခဲ့ပြီး ယခုအခါ အဂေါ်ျတီအိုင် သင်တန်းအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်လိုက်၍ တစ်နှစ်လျှင် ၁၀၀ နှုန်းဖြင့် သုံးနှစ်သင်တန်းအတွက် ကျောင်းသား ကျောင်းသူ ၃၀၀ သာ ရှိတော့မည်ဖြစ်ကြောင်း သိရသည်။

"မိုးညှင်းမြို့နယ်ဟာ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်အကောင်းဆုံး မြို့နယ်တစ်ခုဖြစ်ပြီး နည်းပညာနဲ့ သက်မွေးပညာကို အဆင့်မီသူတိုင်း မိမိဒေသတွင်းမှာပဲ ပညာသင်ယူခွင့် တိုးမြှင့်ဖန်တီးပေးဖို့ လိုမယ်" ဟု မိုးညှင်း မြို့နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက အကြံပြုပြောကြားသည်။

မိုးညှင်းမြို့ အစိုးရနည်းပညာ ကောလိပ်ကို ၂၀၀၄ ခုနှစ်တွင် အစိုးရစက်မှုလက်မှု သိပ္ပံအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် အစိုးရနည်းပညာကောလိပ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့ကာ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင်မူ အဂေါ်ျတီအိုင် သင်တန်းအဖြစ်သို့ ပြောင်းလဲဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**ကေဆိုင်းနော် (ဖားကန့်)**

---

## ပျော်ဘွယ်နှင့် ရမည်းသင်းမြို့နယ်ရှိ တရားရုံးများကို စစ်ဆေး

**ရမည်းသင်း အောက်တိုဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဒေါ်လေးလေးမွန်သည် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ရမည်းသင်းခရိုင် တရားသူကြီး ဒေါ်ချိုချိုမာနှင့်အတူ ပျော်ဘွယ်မြို့နယ် တရားရုံးနှင့် ရမည်းသင်းမြို့နယ် တရားရုံးအဆောက်အအုံများ၊ တရားရုံးယာယီအချုပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်မြို့နယ် တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ မှုခင်းလက်ကျန်လျော့နည်း ကျဆင်းရေး၊ ကြန့်ကြာနေသောမှုခင်းများ အမြန်ပြီးပြတ်ရေး၊ အချုပ်တရားခံပါဝင်သော အမှုများကို ဦးစားပေး ဆောင်ရွက်ရေး၊ အဂတိကင်းရှင်းရေး၊ ဝန်ထမ်းစည်းကမ်း ကျင့်ဝတ်နှင့်အညီ စည်းလုံးညီညွတ်စွာ နေထိုင်ကြပြီး ရုံးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် မိမိတရားရုံးကို အများပြည်သူယုံကြည်ကိုးစားထိုက်သည့် တရားရုံး တစ်ရုံးဖြစ်လာအောင် ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်းသိရသည်။ **(ခရိုင် ပြန်/ဆက်)**

---

## ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန သင်တန်းဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၆**

ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်း အမှတ်စဉ်(၃၆/၂၀၁၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဗဟိုမြေစာရင်းဖွံ့ဖြိုးမှုလေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် ကျင်းပရာ အခမ်းအနားတွင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ညွှန်ကြားရေးမှူး(သင်တန်း)က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့် မြေစာရင်းသင်တန်းများကို အမှတ်စဉ်(၃၅)အထိ ဖွင့်လှစ်ပို့ချခဲ့ပြီးဖြစ်ရာ မြေတိုင်းစာရေးသင်တန်းသားပေါင်း ၅၀၉၄ ဦး သင်ကြားပို့ချပေးခဲ့ပြီးဖြစ်သည်။ ယခုသင်တန်းသို့ တိုင်းဒေသကြီး/ ပြည်နယ်များမှ မြေတိုင်းစာရေးသင်တန်းသား ၁၉၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းနောင်**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကျောင်းအပ်နှံရေးသီတင်းပတ် သတ်မှတ်ကာ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၆**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၈) ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မဲ့စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း၏ **"ဝန်ကြီးဌာနအသီးသီး၏ ဘတ်ဂျက်သုံးစွဲမှုအပေါ် ဈေးနှုန်းများ ပြန်လည်ညှိနှိုင်းခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများက လျာထားသည့် စက်ပစ္စည်းကဏ္ဍ ဘတ်ဂျက်ကို စက်ပစ္စည်း ကြီးကြပ်မှုကော်မတီက စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြပါကြောင်း၊ စက်ပစ္စည်းကြီးကြပ်မှု ကော်မတီအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများမှ ဘတ်ဂျက်လျာထားရာတွင် တစ်ပြေးညီဖြစ်စေရန်အတွက် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများမှ ထုတ်လုပ်သည့်ယာဉ်၊ စက်ကြီးယန္တရား၊ စက်ပစ္စည်းများနှင့် ပရိဘောဂများ၏ ဈေးနှုန်းများ၊ ပြည်တွင်းကုမ္ပဏီမှ



ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင် ဖြေကြားစဉ်။ (သတင်းစဉ်)

တင်သွင်းဖြန့်ချိသည့် ရုံးသုံးစက်ပစ္စည်းများ၏ ဈေးနှုန်းများကို ဘတ်ဂျက်နှစ်အလိုက် စုစည်း၍ ဈေးနှုန်းစာရင်းကို ပြုစုကာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများသို့ ကြိုတင်ဖြန့်ဝေပေးပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့အစည်းများမှ ဘတ်ဂျက်လျာထားမှုကို တင်ပြသည့်အခါတွင်လည်း ဈေးနှုန်းစာရင်းပါ ဈေးနှုန်းများနှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ပြီး ကိုက်ညီမှုမရှိပါက ဈေးနှုန်းစာရင်းပါ ဈေးနှုန်းအတိုင်း ပြန်လည်အဆိုပြုခိုင်းပါကြောင်း၊ ယင်းသို့စိစစ်ပြီးမှသာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြခြင်းဖြစ်ပါကြောင်း၊ ဘတ်ဂျက်ရရှိသည့် ပစ္စည်းများကို ဝယ်ယူသည့်အခါတွင်လည်း သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားထားသည့်အတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပွင့်လင်းမြင်သာမှုရှိရှိ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာနများမှ တင်ပြလာသော ငွေလုံးငွေရင်းအသုံးစရိတ်လျာထားရန် အဆိုပြုချက်များကို ဆောက်လုပ်ရေးလုပ်ငန်းစိစစ်ညှိနှိုင်းရေးအဖွဲ့၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီနှင့် အခြားအသုံးစရိတ်စိစစ်ပြီး ငွေလုံးငွေရင်းအသုံးစရိတ်များကို ဝန်ကြီးဌာနအလိုက် ဘဏ္ဍာရေးဝန်ကြီးဌာနမှ စိစစ်ပါကြောင်း၊ ထို့နောက် စီမံကိန်းဥပဒေအဖြစ် အတည်ပြုပါကြောင်းဖြင့် ရှင်းလင်း ဖြေကြားသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင်၏ **"ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်**



တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတင့်လွင် မေးမြန်းစဉ်။ (သတင်းစဉ်)

**ရောက်သင်ကြားခြင်း ရှိ၊ မရှိအား စိစစ်ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်က ယင်းကိစ္စသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ဒေသအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားရမည့် ကိစ္စဖြစ်ပါကြောင်း၊ စိစစ်ရန် ခက်ခဲသည့် ဒေသများလည်း ပါဝင်ပါကြောင်း၊ သို့ပါ၍ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ကျောင်းများသို့ တက်ရောက်သင်ကြားခြင်း ရှိ၊ မရှိကို အပြည့်အဝရာနှုန်းပြည့် စိစစ်ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း နှစ်စဉ် မေ ၂၅ ရက်မှ ၃၁ ရက်အထိ မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးသီတင်းပတ်အဖြစ် သတ်မှတ်ကာ ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းသို့ရောက်ရှိအပ်နှံနိုင်ရေးကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

မူလတန်း မသင်မနေရ ပညာရေးစနစ် စတင်အကောင်အထည်ဖော်နေသော်လည်း မူလတန်းမသင်မနေရ ပညာရေးဥပဒေကို ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါကြောင်း၊ အမျိုးသားပညာရေးဥပဒေ ပြဋ္ဌာန်းပြီးမှသာ မသင်မနေရ သင်ယူရေးအတွက် ဆက်လက်ပြဋ္ဌာန်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း။

သို့ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် အခမဲ့မသင်မနေရ မူလတန်းပညာရေးကို အကောင်အထည်ဖော်နိုင်ရန် ကျောင်းသုံးစာအုပ်နှင့် ပုံနှိပ်စာအုပ်များ အခမဲ့ ထောက်ပံ့ပေးခြင်းကို ၂၀၁၁- ၂၀၁၂ ပညာသင်နှစ်တွင်လည်းကောင်း၊ ကျောင်းသုံးဖတ်စာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များ အခမဲ့ ထောက်ပံ့ပေးခြင်းကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင်လည်းကောင်း၊ ကျောင်းသုံးပုံနှိပ်စာအုပ်များ အခမဲ့ ထောက်ပံ့ခြင်း၊ လေ့ကျင့်ခန်းစာအုပ် ခြောက်အုပ်ထောက်ပံ့ပေးခြင်းနှင့် စာရေးကိရိယာများ ဝယ်ယူနိုင်ရန် ငွေကျပ်တစ်ထောင် ထောက်ပံ့ခြင်းများကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍လည်းကောင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အလယ်တန်းပညာရေး အခမဲ့ အစီအစဉ်ကို စတင်ကာ အလယ်တန်းအဆင့်သင် ကျောင်းသုံးဖတ်စာအုပ်များကို အခမဲ့ ထောက်ပံ့ပေးခြင်းဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး အတွက် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနမှ တင်သွင်းသည့် **" မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကြမ်း "** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းတစ်ရပ်လုံးကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ဓာတ်အားသုံးစွဲသူများ၏ထိခိုက်မှုများကို ထိုက်တန်သော လျော်ကြေးများပေးအပ်ရန် ဆောင်ရွက်သွားမည်

**နေပြည်တော် အောက်တိုဘာ ၁၆**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၈)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ဇောသန်း၏ **"ပြည်သူများအပေါ် ကျရောက်သော၊ ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရေး အထူးအစီအစဉ်များ ချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို လွှတ်တော်ကိုယ်စားလှယ်သုံးဦးက ထောက်ခံဆွေးနွေးသည်။

ထိုသို့ဆွေးနွေးရာတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဦးအောင်ချိုဦးက မိမိ၏မဲဆန္ဒနယ်သည် နယ်မြို့ဖြစ်သည့်အတွက် လျှပ်စစ်လုပ်ငန်းများနှင့် ပတ်သက်၍ လုပ်သားဝန်ထမ်းအခက်အခဲ၊ နည်းပညာ၊ ပစ္စည်း၊ ငွေကြေး စသည့် အခက်အခဲများ၊ လိုအပ်ချက်များလည်း ရှိနေပါကြောင်း။

ယနေ့ပြည်သူများအနေဖြင့် မိမိတို့ဒေသ၏ လျှပ်စစ်ပစ္စည်းလိုအပ်ချက်ကို မိမိအစီအစဉ်ဖြင့် ဝယ်ယူဖြည့်တင်းမှုများရှိပါကြောင်း၊ ထိုသို့ ဝယ်ယူအသုံးပြုသည့် လျှပ်စစ်ပစ္စည်းများ၏ အရည်အသွေးမပြည့်မီမှုများကြောင့်လည်း လျှပ်စစ်အန္တရာယ်များ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

မီးလောင်မှုဖြစ်စဉ်အများစုတွင် လျှပ်စစ်ဝိုင်ယာများ ရှော့ခ်ဖြစ်ခြင်းကြောင့် ဖြစ်ပွားခြင်းသည် ရာခိုင်နှုန်းတစ်ခုဖြစ်နေပါကြောင်း၊ လျှပ်စစ်လုပ်ငန်းပစ္စည်းများစစ်ဆေးရာတွင် ဝန်ကြီးဌာနက စစ်ဆေးရသည့်အတွက် ဌာန၏ ဝန်ထမ်းအင်အားမလုံလောက်မှု၊ နည်းပညာပစ္စည်းလိုအပ်ချက်များကိုလည်း ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေးအတွက် တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၃)မှ ဦးဖုန်းမြင့်အောင်က လျှပ်စစ်သုံးစွဲမှုအပိုင်းတွင် ပြည်သူများ စိမ့်ဝင်အသုံးပြုနိုင်ရန် ၄၀၀ ဗို့လိုင်းများကို ကိုယ့်အားကိုယ်ကိုးအဖြစ် ဆောင်ရွက်စေလိုကြောင်း၊ သို့သော် အရည်အသွေးပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စစ်ဆေးဆောင်ရွက်ပေးစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်အန္တရာယ်ကြောင့် သေဆုံးသူများတွင် ဓာတ်ကြိုးပြတ်ကျသေဆုံးသူထက် အိမ်တွင်းအလုပ်ရုံ၊ စက်ရုံအတွင်း လျှပ်စစ်အန္တရာယ်ကြောင့် သေဆုံးသူက ပိုမိုများပါကြောင်း၊ အလုပ်ခွင်အတွင်း လျှပ်စစ်သုံးစွဲမှုနှင့် ပတ်သက်၍ ကျွမ်းကျင်မှုလက်မှတ်များကို ပိုမိုစစ်ဆေးကြပ်မတ်ဆောင်ရွက်ပေးစေလိုကြောင်းဖြင့် ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် ဝေးလံခေါင်ဖျားဒေသများတွင် ဗို့အားမြင့် ဓာတ်အားလိုင်းများ သို့မဟုတ် မဟာဓာတ်အားလိုင်းများကို ခက်ခက်ခဲခဲသွယ်တန်းပြီး ဓာတ်အားဖြန့်ဖြူးမှုကွန်ရက်စနစ် တည်ဆောက်လျက်ရှိကြောင်းနှင့် လျှပ်စစ်ဓာတ်



ဒုတိယဝန်ကြီး ဦးမော်သာထွေး ဆွေးနွေးစဉ်။ (သတင်းစဉ်)

အားထုတ်လုပ်မှုအပိုင်းတွင် ရေအား၊ လေစွမ်းအား၊ နေရောင်ခြည်စွမ်းအားနှင့် အပူရှိန်သုံးဓာတ်အားကဏ္ဍများကို ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါကြောင်း။

လက်ရှိကျင့်သုံးစနစ်အရ ဆားဗစ်ကြိုးများဖြင့် နေအိမ်များ၊ တိုက်ခန်းများသို့ ဓာတ်အားဆက်သွယ်ဖြန့်ဖြူးပေးလျက်ရှိရာ ဓာတ်တိုင်တစ်ခုတည်းတွင် မီးကြိုးများရှုပ်ထွေးနေပြီး ကြေးကြိုးများသည်လည်း အကြောင်းအမျိုးမျိုးဖြင့် ပြုတ်ကျ၊ ပြတ်ကျနိုင်ပါကြောင်း၊ ယခုအခါ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် SWG No.4, No.6, No.8 စသည့် ကြေးကြိုးများသည် ဈေးနှုန်းကြီးမြင့်ခြင်း၊ အန္တရာယ်များခြင်း၊ မသမာမှုများ ပြုလုပ်နိုင်ခြင်းတို့ကြောင့် Insulated Conductors မီးကြိုးများဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်သွားရန် စီမံထားသည်ကို သိရှိရသည့်အတွက် ကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ပြည်သူများအပေါ် ကျရောက်နိုင်သော လျှပ်စစ်အန္တရာယ်များကို တားဆီးကာကွယ်ပေးနိုင်ရန် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ လူသွားလူလာများသည့် ဈေး၊ ကျောင်း၊ ဆေးရုံများတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ပိုစတာများစိုက်ထူခြင်းနှင့် စာသင်ကျောင်းများ၊ ရပ်ကွက်များတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းရေး ဟောပြောပွဲများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် သတင်းစာများ၊ ဂျာနယ်များနှင့် တီဗွီအသံလွှင့်အစီအစဉ်များတွင်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးအစီအစဉ်များကို ဖော်ပြပေးလျက်ရှိပါကြောင်း။

ဓာတ်အားလိုင်းကြိုးများ ပြတ်ကျပါက ဓာတ်လိုက်ခံရမှုမရှိစေရန် ဓာတ်အားလိုင်းများတွင် Earth Ring၊ Earth Bar System များ တပ်ဆင်ခြင်း၊ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်းမှ ကာကွယ်ရန် ဓာတ်အားလိုင်းများတွင် Line Guard များ၊ Line Link Connection များ တပ်ဆင်ခြင်း၊ မြို့နယ်များတွင် ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသော ဓာတ်အားလိုင်းများ၌ ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်းကြောင့် လျှပ်စစ်အန္တရာယ် ဖြစ်ပေါ်မှုမှ ကာကွယ်ရန် 3mm Ø ရှိ Nylon Plastic များကို အသုံးပြုလျက် Link Connection များပြုလုပ်၍ တပ်ဆင်လျက်ရှိပြီး ခိုင်ခံမှုအားဖြင့်



မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

30kg အထိ စမ်းသပ်ထားပြီးဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား သုံးစွဲသူများလာသည့်အတွက် အသုံးပြုနေသော ဓာတ်အားလိုင်းကြိုးများကိုလည်း သတ်မှတ်ဝန်အားနှင့် ကိုက်ညီသော ကြိုးများဖြင့် လဲလှယ်ရန် လိုအပ်ခြင်း၊ ဝန်အားသုံးစွဲမှုများသည့် အချိန်များတွင် ဓာတ်အားလိုင်းကြိုးများ အိကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပေါ်လျက်ရှိရာ လဲလှယ်ရန်လိုအပ်သော ဓာတ်အားလိုင်းကြိုးများကို ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ဓာတ်အားလိုင်းကြိုး အဟောင်းများ၊ ကြွေသီးဟောင်းများကို ဓာတ်ကာပစ္စည်းပါဝင်သော Insulated လိုင်းကြိုးများဖြင့် လဲလှယ်ခြင်း၊ အိမ်သို့သွယ်တန်းအသုံးပြုသည့် ဟောင်းနွမ်း Service Wire များကို မီးသုံးသူများနှင့် ညှိနှိုင်းလဲလှယ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခင်က ဓာတ်အားဖြန့်ဖြူးရာတွင် ထရန်စဖော်မာ အရွယ်အစားကြီးခြင်းကြောင့် လိုင်းကြိုးများပေါ်တွင် ဓာတ်အားစီးဆင်းမှုပမာဏများပြားသဖြင့် လိုင်းကြိုးပေါ်ရှိ အားနည်းသည့် နေရာများဖြစ်သည့် အဆက်အထုံးများ၌ ပြတ်ကျနိုင်ခြင်းရှိသဖြင့် ယခုအခါ သေးငယ်သော ထရန်စဖော်မာအရွယ်အစားကို ရွေးချယ်သတ်မှတ်ပြီး အလုံးရေများများ တပ်ဆင်ဓာတ်အားပေးသည့် Multi Transformer စနစ်ကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ ဓာတ်အားလိုင်းတည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းများနှင့် ကုမ္ပဏီဝန်ထမ်းများကိုလည်း ကျွမ်းကျင်မှုသင်တန်းနှင့် ပညာပေးသင်တန်းများ ပို့ချဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဓာတ်အားသုံးစွဲသူများ၏ ထိခိုက်မှုများကို လူမှုဖူလုံရေး ရန်ပုံငွေမှ လည်းကောင်း၊ ဥပဒေတွင် ပြဋ္ဌာန်းချက်အရ လည်းကောင်း၊ ဓာတ်အားဖြန့်ဖြူးခြင်း ရောင်းချခြင်းမှ ရရှိသည့် ဝင်ငွေတိုးတက်လာမှုအခြေအနေအရ လည်းကောင်း လုံလောက်ထိုက်တန်သော လျော်ကြေးများ ပေးအပ်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ဇောသန်း၏ အဆိုနှင့်ပတ်သက်၍ ထောက်ခံမဲများသည့်အတွက် အဆိုကို အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

## ပြည်တွင်းသတင်း

✽ *ကျောဖုံးမှ*

ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့်အခမ်းအနားသည် ကမ္ဘာ့ပြည်သူပြည်သားများအားလုံး စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးတို့အတွက် ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ ကမကထပြုမှုနှင့် အဖွဲ့ဝင်နိုင်ငံအသီးသီးတွင် နှစ်စဉ် အောက်တိုဘာ ၁၆ ရက်တိုင်း ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားဖြစ်ပါကြောင်း။

စားရေရိက္ခာ ဖူလုံမှုမရှိဘဲနှင့် လူမှုဘဝ သာယာမှုများကို တည်ဆောက်မည် မဟုတ်သည့်အတွက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့အစည်း၏ ထောင်စုနှစ်ရည်မှန်းချက် (Millennium Development Goals-MDGs) ၂၀၁၅ ခုနှစ်တွင် ကမ္ဘာတစ်ဝန်း ငတ်မွတ်ခေါင်းပါးမှု ပပျောက်ရေး (Zero Hunger) ရည်မှန်းချက်သတ်မှတ်ထားရှိသည့်အတိုင်း တစ်ကမ္ဘာလုံး၏ ရိက္ခာလိုအပ်ချက်ကို ဖြည့်တင်းနိုင်ရန် ကမ္ဘာ့နိုင်ငံအသီးသီးက လက်တွဲညီညီ ကြိုးပမ်း ပါဝင်ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

လက်ရှိ ကမ္ဘာ့လူဦးရေ တိုးတက်မှုနှုန်းအရ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေသည် ကိုးဘီလီယံကျော်၊ ၁၀ ဘီလီယံအထိ တိုးတက်လာမည်ဖြစ်သည့်အတွက် လက်ရှိစားနပ်ရိက္ခာလိုအပ်ချက်အပါအဝင် တိုးတက်လာမည့် လူဦးရေအတွက် ရိက္ခာထုတ်လုပ်မှုအား ယခုထက် နှစ်ဆပိုမိုထုတ်လုပ်ရန် လိုအပ်ချက်ရှိလာမည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်တွက်ချက်ထားရှိပါကြောင်း။

၂၀၁၄ ခုနှစ်၏ ကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်ကို ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက မိသားစုတိုင်း၏ စိုက်ပျိုးရေးစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့ Family Farming: Feeding the World,caring for the Earth ဟူ၍ သတ်မှတ်ထားပါကြောင်း၊ ထို့အပြင် ၂၀၁၄ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ မိသားစုစိုက်ပျိုးရေးနှစ် International Year of Family Farming အဖြစ် သတ်မှတ်ထားပါကြောင်း။

မြန်နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ မိသားစုစိုက်ပျိုးရေးလုပ်ငန်းသည် ရှေးရိုးစဉ်လာ ယဉ်ကျေးမှုများနှင့် အသက်မွေးမှုဘဝများ ယှက်နွယ်ပါဝင်နေပြီး လူတို့၏နေ့စဉ်လိုအပ်ချက်ဖြစ်သည့် စားနပ်ရိက္ခာကို ဖြည့်ဆည်းပေးသောကုသိုလ်လည်းရ ဝမ်းလည်းဝသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့်လုပ်ငန်းကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားအောင် ဆောင်ကြဉ်းပေးရန်သည် နိုင်ငံအစိုးရအားလုံး၏တာဝန်ပင်ဖြစ်ပါကြောင်း၊

ယနေ့ကာလတွင် ကျေးလက်ဒေသ မိသားစုတစ်ပိုင်တစ်နိုင် လယ်ယာကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးဘက်စုံစီမံချက်ဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်နှင့်တစ်ပြိုင်တည်း ကျေးလက်နှင့်မြို့ပြကွာခြားချက်၊ ကွာဟချက်များကို လျော့နည်းသွားစေရေး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ကုလသမဂ္ဂထောင်စုနှစ် ရည်မှန်းချက်အရ မိမိတို့ နိုင်ငံအနေဖြင့် လက်ရှိ ဆင်းရဲနွမ်းပါးမှု ညွှန်းကိန်း ၂၆ ရာခိုင်နှုန်းမှ ၂၀၁၅ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ် (၈)ရပ် ချမှတ်ဆောင်ရွက်နေလျက်ရှိရာတွင် အဓိကကျသည့် ကျေးလက်နေလုပ်ကွက်ငယ် တောင်သူလယ်သမားမိသားစုများ၏ ဝင်ငွေတိုးတက်မြင့်မားလာစေရန် မြေယာလုပ်ကိုင်ခွင့်နှင့် ပိုင်ဆိုင်မှုပေးခြင်း၊ သီးနှံရာသီအလိုက် ချေးငွေများ ပိုမိုထုတ်ချေးပေးခြင်း၊ သုတေသနနှင့် ပညာပေးစနစ်များ ပြုပြင်ပြောင်းလဲခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များ ပညာပေးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ဖြန့်ဖြူးခြင်း၊ စက်မှုလယ်ယာစနစ် ဖော်ဆောင်ခြင်း၊ ရေသွင်းရေထုတ်စနစ်များ ကုန်ထုတ်လမ်းများ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်း၊ လုပ်ကွက်ငယ်တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်တွင် ကျန်းမာပျော်ရွှင်စေရေး၊ ထွက်ကုန်များ ဈေးကွက်ရရှိကာ ဝင်ငွေပိုမိုရရှိစေရေး အစီအစဉ်များ စနစ်တကျရေးဆွဲအကောင်အထည်ဖော်နေပြီ ဖြစ်ပါကြောင်း။




ဒုတိယသမ္မတဦးညဏ်ထွန်း ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားတွင် တောင်သူအကျိုးပြု ဂုဏ်ပြုတေးသီချင်းရေးစပ်သီဆိုမှုအတွက် အနုပညာရှင်တစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လယ်ယာကဏ္ဍကြီး တစ်ရပ်လုံး ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး၊ ခေတ်မီနည်းပညာနှင့် စက်ကိရိယာပစ္စည်းများ အသုံးချနိုင်ရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေး၊ နိုင်ငံတကာဈေးကွက်သို့ လက်လှမ်းမီရေးတို့အတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် ရင်းနှီးချစ်ခင်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး (FAO)၏ နောက်ဆုံးရည်မှန်းစစ်တမ်းများအရ လက်ရှိကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံအနက်မှ လူဦးရေ ၈၀၅ သန်းခန့်သည် အာဟာရချို့တဲ့မှု ပြဿနာကို နေ့စဉ်နှင့်အမျှ ခံစားနေရမှုကို သိရှိရပါကြောင်း၊ ယင်းပမာဏသည် လွန်ခဲ့သည့် ဆယ်စုနှစ်နှင့်နှိုင်းယှဉ်လျှင် သန်း ၁၀၀ ခန့် လျော့ကျသွားခဲ့ကြောင်း၊ တစ်နည်းအားဖြင့် ကမ္ဘာနှင့်အဝန်း အာဟာရမပြည့်ဝသူရာခိုင်နှုန်းသည် ၁၈ ဒသမ ၇ ရာခိုင်နှုန်းမှ ၁၁ ဒသမ ၃ ရာခိုင်နှုန်းအထိ လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ၂၃ ဒသမ ၄ ရာခိုင်နှုန်းမှ ၁၃ ဒသမ ၅ ရာခိုင်နှုန်းအထိ လျော့ကျသွားကြောင်း ထုတ်ပြန်ချက်အရ သိရှိရပါကြောင်း၊ သို့သော်လည်း လက်ရှိအနေဖြင့် ကမ္ဘာတစ်ဝန်းတွင် လူရှစ်ဦးလျှင် တစ်ဦးနှုန်းအာဟာရချို့တဲ့နေမှုကို နေ့စဉ်ခံစားနေကြရမှုကို တွေ့ရှိရပါကြောင်း၊

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာနှင့်အဝန်း စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝမှု လိုအပ်ချက်အခြေအနေဆိုးများကို ကျော်လွှားနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီး၏ ကမ္ဘာနှင့်အဝန်း ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေး လှုပ်ရှားမှုအပေါ် မိမိတို့ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အနေနှင့် ရေရှည်တည်တံ့ခိုင်မြဲသော လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် တစ်ပြိုင်တည်း ဒေသတွင်းနိုင်ငံများနှင့်အတူ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာဖြင့် အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် Myanmar National Launching of Zero Hunger Challenge Launching အား ဖွင့်လှစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် FAOမှ Assistant Director General and Regional Representative နှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆင်းရဲနွမ်းပါးမှုနှင့် ငတ်မွတ်မှုဆိုင်ရာ ဒေသတွင်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ Mr.Hiroyuki Konuma တို့က ၂၀၁၄ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဌာနေ ကိုယ်စားလှယ် Ms. Renata Nicola Lok-Dessallien မှ Zero Hunger Challenge Initiative နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Ms.Bui Thi Lan က ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခြင်းနှင့် Zero Hunger Challenge Initiative အစီအစဉ်အားလည်းကောင်း ရှင်းလင်းတင်ပြပြီးနောက် ၂၀၁၄ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် Video ကို ပြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက Food and Agriculture Organization (FAO), Japan International Cooperation Agency (JICA), Korea International Cooperation Agency(KOICA)နှင့်အိန္ဒိယနိုင်ငံ M.S. Swaminathan Research Foundation၊ လယ်ယာကဏ္ဍဖွံ့ဖြိုး မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်နေသော Great Wall Co.,Ltd. နှင့် နယူးဧရာကုမ္ပဏီသို့ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု ကြိုးပမ်းဆောင်ရွက်မှုနှင့် တောင်သူအကျိုးပြု ဂုဏ်ပြုတေးသီချင်း ရေးစပ်သီဆိုမှုတို့အတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ် ထူးချွန်ဆုရသူများကို ပေးအပ်ချီးမြှင့်ပြီးနောက် ဂီတပညာရှင်များက တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ အထူးဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

**(သတင်းစဉ်)**

## ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ဆက်လက်ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၁၆**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဇဟိုကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တတိယနေ့ကို ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များသည် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များကို မိမိတို့နှစ်သက်သည့် ဈေးနှုန်းများဖြင့် ဝယ်ယူနိုင်ရန် လွတ်လပ်စွာ ကြည့်ရှုလေ့လာကြပြီး ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းကြသည်။



ယနေ့ နံနက် ၉နာရီတွင် မြန်မာ့ကျောက်မျက်ရိုင်း အတွဲ(၁) မှ (၁၆၀)အတွက် တင်သွင်းခဲ့ကြသည့် ဈေးနှုန်းအဆိုပြုလွှာ တင်ဒါများ ဖွင့်ဖောက်၍ တင်ဒါအောင်မြင်သည့် ဝယ်ယူခွင့်ရရှိသူများကို ထုတ်ပြန်ကြေညာရောင်းချရာ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင် အားပေးကြည့်ရှုသည်။

အဆိုပါ ရောင်းချပွဲနှင့်ပတ်သက်၍ ကျောက်မျက်လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးရဲငွေးက "ဒီနေ့မှာတော့ ကျောက်မျက်တင်ဒါတွေ ဖွင့်ဖောက်ပြီး တင်ဒါအောင်မြင်သူ ပြည်တွင်း ကျောက်မျက်ရတနာကုန်သည်တွေကို မြန်မာကျပ်ငွေနဲ့ ရောင်းချမှာပါ။ ကျောက်မျက်နဲ့ပတ်သက်လို့ နေပြည်တော်မှာ မြန်မာကျပ်ငွေနဲ့ ရောင်းချတာက အခုတစ်ကြိမ်အပါအဝင်နှစ်ကြိမ်ရှိသွားပါပြီ။ ကျောက်စိမ်းပွဲဆိုရင်လည်း ဒီတစ်ကြိမ်ရောဆို လေးကြိမ်ရှိသွားပါပြီ။ အခုမြင်တွေ့နေရတဲ့အတိုင်း ပြည်တွင်းကျောက်မျက်ရတနာကုန်သည်တွေအများအပြားလာရောက် လေ့လာကြည့်ရှုဝယ်ယူနေကြတာကိုတွေ့ရမှာပါ။ ဒီလိုပြသရောင်းချပွဲတွေ ကျင်းပပေးခြင်းဖြင့် ပြည်တွင်းရတနာကုန်သည်တွေအတွက် အလုပ်အကိုင်တွေ ပိုရတယ်၊ အခြားဒေသခံတွေလည်း ဒီကျောက်မျက်လုပ်ငန်းနဲ့ပတ်သက်လို့ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုရတယ်။ နိုင်ငံတော်ရဲ့ဝင်ငွေလည်း ပိုမိုတိုးတက်ရရှိမှာ ဖြစ်ပါတယ်" ပြောပြသည်။ ထို့ပြင် ပြည်တွင်း ကျောက်မျက်ရတနာ ကုန်သည်တစ်ဦးကလည်း "ဒီလို မြန်မာကျပ်ငွေနဲ့ ရောင်းချတဲ့အတွက် ကျွန်တော်တို့ ရတနာကုန်သည်တွေ ကျေနပ်အားရတယ်။ လွတ်လွတ်လပ်လပ် လေ့လာကြည့်ရှုရတဲ့အတွက် စိတ်ချမ်းသာတယ်။ ဒါပေမယ့် ဒီပွဲက ကျောက်မျက်ရတနာတွေနဲ့ ကျောက်စိမ်းတွေကို အရင်နိုင်ငံတကာပွဲတွေလို အရည်အသွေးကောင်းတာတွေကို များများလေး ပြသရောင်းချပေးစေချင်တယ်" ဟု ပြောပြခဲ့သည်။

**(သတင်းစဉ်)**

✳ *ရှေ့ဖုံးမှ*

ယင်းအဆောက်အအုံမှာ ၁၉၁၂ ခုနှစ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အက်ဒွပ်ခေတ် ဗိသုကာလက်ရာဖြစ်ကြောင်း ၎င်းတို့၏မှတ်တမ်းတွင် ဖော်ပြသည်။ ရန်ကုန်မြို့တွင် မူလအသုံးပြုသည့်ပုံစံအတိုင်း ဆက်လက်အသုံးပြုနေခြင်းဖြစ်ပြီး သက်တမ်းအားဖြင့် ၁၀၂ နှစ် ရှိခဲ့ပြီးဖြစ်သည်။

ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ (YHT) အနေဖြင့် ခေတ်ကာလအဆက်ဆက်က တည်ရှိခဲ့သော ရန်ကုန်မြို့၏ သူမတူခြားနားသော မြို့ပြယဉ်ကျေးမှုအမွေအနှစ်များကို နည်းလမ်းမှန်စွာဖြင့် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိရာ ရန်ကုန်မြို့တွင် မြို့တော်ခန်းမ၊ အာမေးနီးယားဘုရားကျောင်း၊ ဧရာဝတီဘဏ်နှင့် ယခုစတုတ္ထမြောက်အဖြစ် ဆူးလေဘုရားလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး မီးသတ်အဆောက်အအုံတွင် တပ်ဆင်ခြင်းဖြစ်သည်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ဆေးလက်တွေ့ကျွမ်းကျင်မှု မြှင့်တင်ရေး အလုပ်ရုံဆွေးနွေး**

**မန္တလေး အောက်တိုဘာ ၁၆** ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ ထောက်ပံ့ကူညီမှုဖြင့် သူနာပြုတက္ကသိုလ်နှင့် သူနာပြုသင်တန်းကျောင်းများမှ ဘွဲ့ကြိုကျောင်းသား ကျောင်းသူများအတွက် ဆေးလက်တွေ့ကျွမ်းကျင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်နှင့် ၁၆ ရက်က သူနာပြုတက္ကသိုလ် (မန္တလေး)၌ ကျင်းပရာ သင်တန်းသား သင်တန်းသူ ၂၇ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

# ဘူးသီးတောင်မြို့နယ်ရှိ စံပြကျေးရွာများအား ကွင်းဆင်းစစ်ဆေး

**မောင်တော အောက်တိုဘာ ၁၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်သို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်အဖွဲ့သည် စစ်တွေမှ ဘူးသီးတောင်မြို့သို့ နံနက် ၁၀ နာရီခွဲတွင် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာသို့ ရောက်ရှိပြီး မောင်တောခရိုင် အမှတ်(၁)ရဲတပ်ရင်း ကွပ်ကဲရေးမှူး ရဲမှူးချုပ် တင်ကိုကို၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးခင်မောင်လွင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးသန့်စင်တို့က ကြိုဆိုကြပြီး စံပြကျေးရွာများအား လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် လမ်းတံတားများဆောက်လုပ်နေမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**



ထို့နောက် တောင်ဘဇာကျေးရွာမှ ဘူးသီးတောင်မြို့သို့ ညနေ ၆ နာရီတွင် ရောက်ရှိကြပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးခန်းမ၌ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကဏ္ဍများကို မေးမြန်းရာ မြို့မိမြို့ဖများက ဒေသလိုအပ်ချက် အခြေအနေများကို တင်ပြကြသည်။ ယင်းနောက် တိုင်းရင်းသားများပညာရေး အဆင့်မြင့်မားလာစေရန် ရန်ပုံငွေဖြင့် ဆောက်လုပ်ပေးသော ကျောင်းများ၊ ပညာရေးဝန်ထမ်းများတိုးမြှင့်ချထားပေးခြင်း၊ စီးပွားရေးအတွက် လယ်ယာမြေများနှင့် ကျွဲနွားများ၊ လယ်ထွန်စက်များ ဖြည့်ဆည်းပေးခြင်းအပေါ် ပြည်သူများက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**



# လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူ(ရှမ်းကျောင်း) ရှမ်းရွာသုံးရွာ စုပေါင်းဘုံကထိန်ပွဲကျင်းပ

**လားရှိုး အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူ(ရှမ်းကျောင်း)တွင် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းကကျင်းပသော ရှမ်းရွာ သုံးရွာ၏ စုပေါင်း ဘုံကထိန်အလှူတော်အခမ်းအနားသို့ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။ **(အပေါ်ပုံ)**

လားရှိုးမြို့ မန်ဆူရွာ၊ဟူးမွန်ရွာ၊ကုန်းမွန်ရွာ သုံးရွာမှ ရှမ်းတိုင်းရင်းသားတို့၏ စုပေါင်းဘုံကထိန်ကပ်လှူပူဇော်ပွဲတွင် Shining Myanmar ကုမ္ပဏီလီမိတက်က ငွေကျပ် သိန်း ၂၀ ကိုပဒေသာပင် စိုက်ထူပြီး ကျောင်းတွင်လိုအပ်နေသော လျှပ်စစ်ထရန်စဖော်မာတစ်လုံးကို လှူဒါန်းကြောင်း သိရသည်။

သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းမှာလားရှိုးမြို့ ရပ်ကွက်(၈)ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ရှိပြီး ရှမ်းပြည်နယ်အတွင်းမှ ရှမ်း၊ ပလောင်၊ လားဟူ တိုင်းရင်းသား သံဃာတော်အပါး ၁၅၀တို့ ပဋိယတ်၊ ပဋိပါတ်သင်ကြားရာ သာသနာပြုကျောင်းဖြစ်သည်ဟု ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒက မိန့်တော်မူသည်။

**မမ(လားရှိုး)**

❊ *ကျောဖုံးမှ*

တင်ဝင်းအောင်အစား မင်းမင်းသူ၊ ရန်ပိုင်အစား ကြည်လင်းတို့ကို ထည့်ကစားခဲ့သည်။ ဒုတိယပိုင်းအစတွင် မြန်မာအသင်းတိုက်စစ်ပိုကောင်းလာပြီး ၄၆ မိနစ်တွင် ကျော်ကိုကို၏ ကန်ချက်ပြန်လျှံထွက်လာသည်ကို မင်းမင်းသူက ပိတ်သွင်းကာ အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်းကစားပုံပိုကောင်းလာခဲ့ပြီး ၅၂ မိနစ်တွင် ကျော်ကိုကိုက ဒုတိယဂိုး သွင်းယူခဲ့သည်။

၇၇ မိနစ်တွင် တိုက်စစ်မှူး အဒီဘင်ဆက်က ဘရူနိုင်းအတွက် ချေပဂိုးတစ်ဂိုး ပြန်သွင်းခဲ့သော်လည်း ၈၁ မိနစ်တွင် ကြည်လင်းက မြန်မာအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို သွင်းယူခဲ့သည်။ ကြည်လင်းမှာ ဒဏ်ရာကြောင့်ကာလရှည်ကြာစွာ အနားယူနေရပြီး ပထမဆုံး ပြန်သွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်း ဂိုးထပ်မံရရှိနိုင်မည့် အခွင့်အရေးရရှိခဲ့သော်လည်း ကျော်ကိုကိုနှင့် မင်းမင်းသူတို့ အသုံးမချနိုင်ခဲ့ပေ။

မြန်မာအသင်းမှာ တတိယပွဲအဖြစ် အောက်တိုဘာ ၁၈ ရက်တွင် ကမ္ဘောဒီးယားအသင်းနှင့် ကစားရမည်ဖြစ်သည်။ အခြားပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းက တီမောအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် လာအိုက နှစ်ပွဲကစားခြောက်မှတ်၊ မြန်မာကနှစ်ပွဲကစားလေးမှတ်၊ တီမောက သုံးပွဲကစားလေးမှတ်၊ ကမ္ဘောဒီးယားက နှစ်ပွဲကစားသုံးမှတ်ရရှိထားပြီး သုံးပွဲစလုံးရှုံးသည့် ဘရူနိုင်းမှာ ခြေစစ်ပွဲအောင်မြင်တော့မည် မဟုတ်ပေ။ **စိုးညွန့်**

# ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၁၆**

ဆက်သွယ်ရေးဥပဒေကို ၈-၁၀-၂၀၁၃ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၃၁)ဖြင့် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဆက်သွယ်ရေးဥပဒေပုဒ်မ ၈၈၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် လိုင်စင်ထုတ်ပေးခြင်း ဆိုင်ရာ နည်းဥပဒေများကို ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၆/၂၀၁၄)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများကို အများပြည်သူများ ဖတ်ရှုလေ့လာနိုင်ရန်အတွက် မြန်မာနိုင်ငံပြန်တမ်းတွင်လည်းကောင်း၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန Website (www.mcit.gov.mm)တွင် လည်းကောင်း၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန Website (http://www.mcit.gov.mm/content/law-regulation.html)တွင်လည်းကောင်း လွှင့်တင်ပေးထားမည်ဖြစ်သည်။

လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအရ လိုင်စင်လျှောက်ထားရယူလိုသူများအနေဖြင့် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်

**မုံရွာ အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများသည် အောက်တိုဘာ ၁၆ရက် နံနက်ပိုင်းကမုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၂၀၁၄ခုနှစ် (၂၁) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်၊ တိုင်းဒေသကြီးသဘင်အစည်းရုံးဥက္ကဋ္ဌ ဦးအောင်ကျော်သူတို့ကအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြိုင်ပွဲဝင်အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့်ဂုဏ်ပြုဆုငွေများကို အနုပညာရှင်များထံပေးအပ်ခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၁၆ ရက်မှ ၁၉ ရက်အထိ မုံရွာမြို့ မြို့တော်ခန်းမ အထက(၃)ဂီတရသခန်းမနှင့် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



**ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ၃၂ လမ်း ပလက်ဖောင်းနှင့် ရေမြောင်းကပ်လျက်နေရာ၌ အောက်တိုဘာ ၁၆ ရက်က မြေကျွံမှုဖြစ်ပွားစဉ်။** (အဆိုပါမြေကျွံမှုကြောင့် အလျား ၈ ပေ၊ အနံ ၅ ပေ၊ အနက် ၁၂ ပေခန့်ရှိ ကျင်းတစ်ခုဖြစ်ပွားခဲ့ပြီး လူ၊ ပစ္စည်း ထိခိုက်ဆုံးရှုံးမှုမရှိကြောင်း သိရသည်။)

တင်လှမောင်

❒ *ကျောဖုံးမှ*

မြန်မာယူ-၁၉အသင်းမှာ ယခုပွဲ အနိုင်ရရှိပါက ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ရာ မြန်မာဘောလုံးပရိသတ်များအနေဖြင့် ထိရောက်သည့် အားပေးမှုမျိုးပြုလုပ်ရန် လိုအပ်နေသည်။

မြန်မာအသင်းနည်းပြချုပ်ဂတ်ဖရိုင်းဒရစ်က"ယခုပြိုင်ပွဲမှာ အာဆီယံအဆင့်မဟုတ်ဘဲ အာရှအဆင့် ပြိုင်ပွဲဖြစ်သောကြောင့် အသင်းတိုင်းမှာ ခက်ခဲမည်ဖြစ်ကြောင်း၊ ကွာတားဖိုင်နယ်တွင် တွေ့ဆုံနေသည့် ယူအေအီးအသင်းမှာ အသင်းကောင်းတစ်သင်း ဖြစ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် ယခုပွဲ အနိုင်ရရှိခဲ့ပါက ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်၍ အနိုင်ရရှိရန်သေချာ ပြင်ဆင်ထားကြောင်း၊ ယူအေအီးအသင်းကိုအနိုင်ရရှိရန်အတွက် စိတ်ဓာတ်အပြည့်ဖြင့် ကျားကုတ်ကျားခဲ ကစားသွားမည်ဖြစ်ကြောင်း၊ မြန်မာဘောလုံးပရိသတ်အနေဖြင့် မိမိတို့အသင်းအနိုင်ရရှိရန်တစ်ခဲနက်အားပေးမည်ဟု ယုံကြည်ကြောင်း၊ ခက်ခဲသည့် ပွဲစဉ်တစ်ပွဲဖြစ်သော်လည်း အနိုင်ရရှိအောင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ယူအေအီးအသင်းနည်းပြ အဗ္ဗဒူလာက "အလွန်ကိုခက်ခဲမည့်ပွဲစဉ်ဖြစ်ကြောင်း၊ မြန်မာအသင်း၏ ကစားပုံကိုကြည့်ပြီး အနိုင်ရရှိရန် ပြင်ဆင်ထားကြောင်း၊ အိမ်ရှင်အသင်းဖြစ်၍ ပိုမိုခက်ခဲမည်ဖြစ်ကြောင်း၊ သို့သော်ပရိသတ်၏ အားပေးမှုမှာ မိမိတို့အတွက် ဖိအားမဖြစ်နိုင်ကြောင်း၊ မိမိကစားသမားများမှာ ပရိသတ်အများအပြားနှင့် ပွဲများစွာ ကစားဖူးနေကျဖြစ်ကြောင်း၊ လူစုံပါဝင်နိုင်မည်ဖြစ်ပြီး အနိုင်ရရှိအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ထိုင်းအသင်းနည်းပြ ဆာဆွမ် ပိုပရာဆက်က "မိမိတို့အသင်းမှ အမာခံကစားသမား သုံးဦးပါဝင်နိုင်ရန် မသေချာ၍ အားပျော့နိုင်ကြောင်း၊ ကွာတားဖိုင်နယ်တွင် တွေ့ဆုံနေသည့် ဥဇဘတ်ကစ္စတန်အသင်းမှာ ခန္ဓာကိုယ်အလွန်ထွားကျိုင်း၍ ကစားရခက်ခဲမည်ဖြစ်ကြောင်း၊ အနိုင်ရရန်မျှော်လင့်ထားကြောင်း" ပြောကြားခဲ့သည်။


ဥဇဘတ်ကစ္စတန်အသင်း နည်းပြချုပ်ရာရှန်က "အုပ်စုပွဲစဉ်သုံးပွဲစလုံး ခက်ခဲခဲ့သလို ယခုပွဲမှာလည်း ခက်ခဲမည်ဖြစ်ကြောင်း၊ ထိုင်းအသင်းမှာ ကစားပုံမြန်ပြီး နောက်ဆုံးမိနစ်အထိ ကြိုးစားလေ့ရှိသည့်အသင်းဖြစ်ကြောင်း၊ ရာသီဥတုနှင့်လည်း အသားကျလာပြီဖြစ်၍ ပုံစံကောင်းပြသကာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိအောင် ကြိုးပမ်းမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး**

# နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၂)၊ အမှတ်(၁)ထုတ်ဝေ

နေပြည်တော် အောက်တိုဘာ ၁၆

**ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၁၂) အမှတ်(၁)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် ဝန်ထမ်းများအရည်အသွေး တိုးတက်မြင့်မားရေး၊ အသိပညာဗဟုသုတပြည့်ဝစေရေး၊ ဝန်ထမ်းကျင့်ဝတ်တာဝန်နှင့် စည်းကမ်းလိုက်နာ စောင့်ထိန်းစေရေးအတွက် အထောက်အကူပြုသည့် ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင် နှစ်ကြိမ်ထုတ်ဝေလျက်ရှိသည်။**



ယခုဂျာနယ်တွင် ဒေါက်တာမောင်မောင်၏ဇနီး ခင်မြင့်မောင်၏ "ကိုယ်ခံစွမ်းရည်ကောင်းစေသည့် ဗဟိုဝန်ထမ်းတက္ကသိုလ်"၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ အဖွဲ့ဝင်ဦးအောင်မြင့်၏ "ဝန်ထမ်းများသိသင့်သော မြန်မာနိုင်ငံမှ တိုင်းရင်းသားများ"၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးသန်းထွန်း၏ "အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်များ"၊ အဖွဲ့ဝင်ဦးမန်းမောင်မောင်ညဏ်၏ "ကလေး"၊ အဖွဲ့ဝင် ဦးငွန်မောင်း၏ "ပြစ်မှုကျူးလွန်သူဆိုသည်မှာ မည်သူနည်း"ဆောင်းပါးများပါဝင် ပါသည်။ ဝန်ထမ်းအဖွဲ့အစည်းများဆိုင်ရာ ဆောင်းပါးများဖြစ်သည့် "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဖြစ်ပေါ်တိုးတက်မှုသမိုင်းနှင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ"၊ "တိုင်းရင်းဆေးပညာဦးစီးဌာန၏ နောက်ခံသမိုင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ" နှင့် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မဟာဗျူဟာစီမံကိန်း" ဆောင်းပါးလည်း ဖော်ပြပါရှိပါသည်။

ထို့အပြင် "ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၏ နှစ်(၅၀)ပြည့် ရွှေရတုအကြိုကို ဂုဏ်ပြုကြိုဆို"အပါအဝင် အခြားသုတ၊ ရသ ပေးစွမ်းနိုင်သည့် ဆောင်းပါးများနှင့် အထွေထွေကဏ္ဍတို့ပါဝင်ပြီး စုစုပေါင်း စာမျက်နှာ ၁၅၇မျက်နှာ ပါရှိပါသည်။

အဆိုပါ ဂျာနယ်ကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအမှတ်(၁၇)၊ မြို့မဈေးတွင် ရွှေမင်းသားစာပေ၊ ပျဉ်းမနားတွင် သရဖူစာပေ ဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ် ဆိုင်တို့၌ တစ်အုပ်လျှင်ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရှိရပါသည်။ **(သတင်းစဉ်)**

# ဓာတ်ငွေ့ပိုက်လိုင်းယိုစိမ့်မှု ပြုပြင်ပြီးစီး

**ပုသိမ် အောက်တိုဘာ ၁၆** ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အိုင်ဝိုင်းကျေးရွာ မအူပင်-ကျိုက်လတ်ကားလမ်း မိုင်တိုင်အမှတ် (၁၉/၂) နှင့် (၁၉/၃) အကြားရှိ မအူပင်ရေနံမြေမှ ညောင်တုန်းရေနံမြေသို့ ပို့လွှတ်သော အချင်းရှစ်လက်မခန့်ရှိ ဓာတ်ငွေ့ပိုက်လိုင်းမှာ အောက်တိုဘာ ၁၅ ရက်ည ၈ နာရီ ၄၅မိနစ်တွင် ဓာတ်ငွေ့များယိုစိမ့်နေကြောင်း သတင်းရရှိသဖြင့် မအူပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်သူနှင့်အဖွဲ့၊ မအူပင်မြို့မ ရဲစခန်းမှူး ဒုရဲမှူးသိန်းနိုင်အေးနှင့်အဖွဲ့၊ မအူပင်မြို့နယ်မီးသတ်တပ်ဖွဲ့မှ တပ်စုမှူးဟန်ဝင်းစိုးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါဓာတ်ငွေ့ပိုက်လိုင်းမှာ မြေကြီးအတွင်းသို့ သုံးပေခန့်မြှုပ်ထားသောပိုက်လိုင်းဖြစ်ပြီး ရာသီဥတုဒဏ်ကြောင့် သံချေးတက်၍ ပိုက်လိုင်းပေါက်ကာ ဓာတ်ငွေ့များယိုစိမ့်ထွက်ခြင်းဖြစ်ပြီး ည ၈ နာရီ မိနစ် ၅၀ တွင် မအူပင်ရေနံမြေမှ အမှုဆောင်အင်ဂျင်နီယာ ဦးသန်းစိုးနှင့်အဖွဲ့ ပြုပြင်ခဲ့ရာ ယခုအခါပြုပြင်မှုပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်မောင်မြင့်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ပျောက်ဆုံးနေသော တန်ဖိုးများ

**မေနှင်းအေး**

အင်္ဂလိပ်စကားမှာ price နဲ့value က မတူညီပါဘူး။ မြန်မာစကားမှာလည်း ဈေးနှုန်းနဲ့ တန်ဖိုးဆိုတာ အတူတူလို ပြောဆိုသုံးနှုန်းတတ်ကြပေမယ့် မတူပါဘူး။ ဈေးနှုန်းတူတဲ့ ပစ္စည်းချင်းအတူတူကို တန်ဖိုးထားမှုက ကွာနေတတ်ပါတယ်။ တစ်ခါတလေ ဘာမှမဟုတ်ဘဲ၊ ဈေးကြီးမပေးရဘဲ တန်ဖိုးထားသူက တန်ဖိုးထားနေတတ်တာပါ။ တန်ဖိုးထားမှုဆိုတာ လူတစ်ဦးချင်းရဲ့ အတွေ့အကြုံ ခံယူချက်နဲ့ဆိုင်သလို ယဉ်ကျေးမှုနဲ့လည်း ဆိုင်ပါတယ်။ ခေတ်နဲ့လည်း ဆိုင်ပါတယ်။ တစ်ခေတ်တစ်ခါက မြန်မာယောကျ်ားလေးတွေ"သျှောင်"ထုံးကြပြီး "သျှောင်"ကို အထိမခံတာ အခုတော့ ပျောက်ဆုံးသွားခဲ့ပါပြီ။ နှမြောစရာ ရိုးရာဓလေ့စရိုက်လို့ ပြောနိုင်ပေမယ့် ဒီနေ့ခေတ်လိုအခါမှာ ကိုယ့်သားကိုယ်တောင် "သျှောင်"ထားဖို့ ပြောလို့ရမှာမဟုတ်ပါဘူး။ ကိုယ်သာ ဒီခေတ်ယောကျ်ားလေးဆိုလည်း ထားနိုင်မှာ မဟုတ်ပါဘူး။ သျှောင်ပေစူးနဲ့ ကလေးတွေကို တွေ့တဲ့အခါဖြစ်ဖြစ် ပန်းချီထဲမှာ တွေ့တဲ့အခါဖြစ်ဖြစ် ငေးကြည့်လိုက်တဲ့အခါ ပျောက်ဆုံးသွားတဲ့ တန်ဖိုးထားမှုလေးကို သတိရလိုက်တာပါပဲ။ ဒီလောက်ပါပဲ။

ဒါပေမယ့် တချို့တန်ဖိုးတွေကတော့ ဒီလိုမေ့ပျောက်သွားဖို့ ဖျက်ပစ်လိုက်ဖို့ မသင့်တော်တာတွေ ရှိပါတယ်။ ဒါကို ရေးဖြစ်တာ အင်တာနက်ထဲက သတင်းတစ်ပုဒ်ကြောင့်ပါ။ သက်ဆိုင်ရာက အရေးယူဖို့ လုပ်နေပြီဖြစ်တဲ့ကိစ္စမို့ ဘယ်သူ ဘယ်ဝါဘယ်က ဆိုတာ အကျယ်တဝင့် မပြောချင်ပါဘူး။ ဒါပေမယ့် ရင်နာစရာကောင်းတာက "ကိုယ်ချင်းစာတရား"ဆိုတဲ့ ပျောက်ဆုံးသွားတဲ့ တန်ဖိုးတစ်ရပ်အတွက်ပါ။ လူတစ်ယောက်ဟာ ကိုယ့်အိမ်မှာ အောက်ခြေသိမ်းအလုပ်ကို လာလုပ်ရတာနဲ့ပင် တန်ဖိုးမဲ့သွားပြီလား။ ကိုယ့်အိမ်မှာ အလုပ်လုပ်ဖို့ ခေါ်ထားတဲ့သူကို ရိုက်လိုရိုက် လုပ်ခွင့်ရှိပါသလား။

ကျွန်မလည်း ကလေးရှိတဲ့မိခင်၊ အလုပ်လုပ်နေတဲ့ အိမ်ထောင်သည်မို့ အကူခေါ်ရတာပါပဲ။ ဒါပေမယ့် သားငယ်ငယ်က အနီးထဲမှာ အလေးသွားတဲ့အခါ ကျွန်မရှိနေရင် ကျွန်မကိုယ်တိုင် အနီးကိုပါ အကြမ်းဆေးပြီးမှ ဆပ်ပြာနဲ့ လျှော်ဖွပ်တဲ့အလုပ်ကို သူတို့ကို လုပ်ခိုင်းပါတယ်။ ကလေးတွေဆိုတော့ ရွံ့ရှာပြီး ပြီးစလွယ်လုပ်လိုက်ရင် မသန့်ဖြစ်မှာ၊ အဲဒီအညစ်အကြေးတွေ ဟိုစင်၊ ဒီစင်ဖြစ်မှာစိုးလို့ ကိုယ်ကိုယ်တိုင်ပဲ အိမ်သာထဲရောက်အောင်ပစ်၊ ကနဦးဆေးကြောပေးခဲ့တာပါ။ ကလေးနည်းနည်းကြီးလာလို့ အန်တဲ့အခါလည်း ကိုယ်ရှိနေရင် ကိုယ်ပဲလုပ်ပေးလိုက်တာပါ။ ဘာလို့လဲဆိုတော့ ရွံစရာအလုပ်တစ်ခုကို သူစိမ်းကလုပ်ရတဲ့အခါ ကိုယ့်ကလေးကို ငြူစူမှာ ဆောင့်မှာစိုးလို့ပါ။ ကိုယ်ရွံသလို သူတို့လည်း ရွံမှာပဲဆိုတာ တွေးမိလို့ပါ။ ကိုယ်မရှိတဲ့အချိန်မှာ သူတို့လုပ်ပေးတာကိုပဲ ကျေးဇူးတင်နေတာပါ။

နောက်တစ်ခုက အိမ်ဖော်အလုပ်သမားရယ်လို့ ခွဲခွဲခြားခြားဖိနှိပ်ဆက်ဆံတဲ့ အကျိုးဆက်တစ်ခုပါ။ များသောအားဖြင့် အိမ်ဖော်တွေဆိုတာ ဆင်းရဲနွမ်းပါးပြီး ပညာချို့တဲ့သူတွေပဲ ရောက်လာတာပါ။ အလုပ်လုပ်နေတဲ့ မိခင်တွေအနေနဲ့ ကိုယ့်သားသမီးကို ဒီဆင်းရဲနွမ်းပါးပြီး ပညာမတတ်တဲ့ သူတွေလက်ထဲ ထားခဲ့ရတာပါ။ ကလေးတွေရဲ့သဘောဟာ နီးစပ်ရာ အကျင့်စရိုက်ကို အတုယူတတ်ပါတယ်။ စကားအပြောအဆို၊ အနေအထိုင်ကအစ သူတို့နဲ့အနီးမှာရှိတဲ့ ပုံစံဖြစ်သွားတတ်ပါတယ်။ သူတို့က အမှောင်ကိုကြောက်ရင် သရဲကြောက်တယ်ဆိုရင် ကိုယ့်ကလေးလည်း ကြောက်တော့မယ်၊ သူတို့က ဘာအသီးအရွက်မစားဘူး၊ မကြိုက်ဘူးဆိုရင် ကိုယ့်ကလေးလည်း အဲဒီလိုပဲ မစားဘူး မကြိုက်ဘူးဖြစ်တော့မယ်။ သူတို့ညာတတ်ရင် ကိုယ့်ကလေးလည်း ညာတတ်တော့မယ်။ သူတို့ ကိုရီးယားကားကြိုက်ရင် ကိုယ့်ကလေးလည်း ကိုရီးယားကားစွဲတော့မယ်။ အဲဒီတော့ ကိုယ်ကသူတို့ကို ဆက်ဆံပျိုးထောင်မှုဟာ ကိုယ့်ကလေးကိုလည်း တစ်နည်းနည်းနဲ့ အကျိုးသက်ရောက်နိုင်တယ်ဆိုတာ သိစေချင်ပါတယ်။ ဝဋ်တွေ ကုသိုလ် အကုသိုလ်တွေထက်ကို မြင်သာတဲ့ လက်တွေ့အကျိုးသက်ရောက်နိုင်မှုတွေပါ။

ဒါကြောင့် ကျွန်မကတော့ ကိုယ့်ကလေးထိန်းမယ့်သူကို ပညာတတ်စေချင်တယ်။ အတတ်နိုင်ဆုံး အတန်းပညာရှိတဲ့သူကို ရွေးတယ်၊ နောက်အားတဲ့အချိန်တွေမှာ စိတ်ဝင်စားစရာ စာအုပ်တွေ ဖတ်ဖို့ပေးထားတယ်။ သူ့ဘဝတက်လမ်း အကျိုးရှိရာရှိကြောင်းလုပ်ပေးတယ်။ လိမ္မာရေးခြားရှိအောင် ဆုံးမတယ်။ သူများအိမ်တွေမှာ လာအလုပ်လုပ်နေကြသူတွေဟာ များသောအားဖြင့် သူတို့မိသားစုထဲမှာလည်း ဆိုဆုံးမမယ့်သူမရှိဘဲ ပစ်ထားခံရသူတွေမို့ ကြင်နာသနားစိတ်နဲ့ဆုံးမရင် သူတို့အပြုအမူတွေ အများကြီး တိုးတက်လာမယ်လို့ ကျွန်မစွဲမြဲစွာယုံပါတယ်။ အဲဒီအခါ ကျွန်မ ဘာပြန်ရလာသလဲ။ သူက ကျေးဇူးတင်တယ် မတင်ဘူးဆိုတာက ကျေးဇူးပြန်ဆပ်တယ် ကျေးစွပ်တယ် ဆိုတဲ့ အကျိုးဆက်တွေ ရှိနိုင်တာမို့ ထည့်မပြောတော့ပါဘူး။ သေချာတာက ပိုကောင်းတဲ့ ဝန်ဆောင်မှုကိုရတယ်။ သူကိုယ်တိုင်က မိသားစုလိုသဘောထားပြီး ကိုယ့်သားသမီးကို စောင့်ရှောက်လာတယ်။ စေတနာဆိုတာ ရောင်ပြန်ဟပ်တတ်တယ်လေ။ ကိုယ်က သူ့ဘဝကောင်းရာကောင်းကျိုးကြည့်တဲ့အခါ သူလည်းကိုယ့်အပေါ် စေတနာပြန်ထားတတ်ပါတယ်။ ဒါက ဗုဒ္ဓဘာသာ မြန်မာအတွေးနဲ့ ကိုယ်ချင်းစာစိတ် စေတနာမေတ္တာဆိုတာတွေကို ပြောတာပါ။

တိုးတက်တဲ့နိုင်ငံတွေမှာတော့ empowerment လို့ ပြောပါတယ်။ empowerment ကို မြန်မာလို အနီးစပ်ဆုံး ဘာသာပြန်ကြည့်ရင် ကိုယ်ပိုင်အရည်အချင်းရှိလာအောင် လုပ်ပေးတယ်လို့ ပြောရမယ်ထင်ပါတယ်။ အဖိနှိပ်ခံ အောက်ခြေလူတန်းစားတွေကို အရည်အချင်းတက်လာအောင်၊ ဆုံးဖြတ်ခွင့်ပိုရှိလာအောင် လုပ်ပေးရင် နိုင်ငံဖွံ့ဖြိုးမှုတိုးတက်လာတယ်လို့ ပြောကြပါတယ်။ တကယ်လည်း ဟုတ်ပါတယ်။ အိမ်မှာ အိမ်ရှင်မပဲ လုပ်နေသူက အချိန်ပိုင်းအလုပ်လေးလုပ်ရင် ဝင်ငွေပိုရလာမယ်။ သူ့အသိုင်းအဝိုင်း ကျယ်ပြန့်လာမယ်။ ပြင်ပအတွေ့အကြုံရှိလာမယ်။ ဘဝတိုးတက်မှုလမ်းစရှိတဲ့အတွက် စိတ်ဓာတ်တက်ကြွလာမယ်။ မိသားစုမှာလည်း ဝင်ငွေတိုးလို့ ပိုအဆင်ပြေလာမယ်။ အလားတူပဲ ကုမ္ပဏီလုပ်ငန်းတစ်ခု၊ ရုံး ဌာနတစ်ခုမှာလည်း စာရေးလေးတစ်ယောက်က စာရေးကြီးလို အရည်အချင်းရှိမယ်။ စာရေးကြီးက မန်နေဂျာလို အသုံးတည့်မယ်ဆိုရင် တန်ဖိုးတက်လာတာပဲ မဟုတ်ဘူးလား။ အခြေခံလူတန်းစားတွေရဲ့ အသိအမြင် လုပ်ကိုင်နိုင်စွမ်းတွေ တိုးတက်လာရင် လူ့ဘောင်အသိုင်းအဝိုင်းကို တိုးတက်စေမလား၊ ဆုတ်ယုတ်စေမလားဆိုတာ မေးခွန်းတောင် ထုတ်စရာမလိုဘူးလို့ ထင်ပါတယ်။

ဒီတော့လူတစ်ယောက်ကို ကိုယ်ချင်းစာစိတ်နဲ့ပဲဖြစ်ဖြစ်၊ empowerment လို့ပဲဆိုဆို လူတစ်ယောက်လို တန်ဖိုးထားလိုက်ရင် သူ့အတွက်ကော ကိုယ့်အတွက်ကော လူ့အသိုင်းအဝိုင်းအတွက်ပါ ကောင်းကျိုးတွေရနိုင်တာကြောင့် တန်ဖိုးတွေ ပျောက်ဆုံးမသွားဖို့ စိတ်ဓာတ်တွေကို ပြုပြင်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

**■ လူတစ်ယောက်ကို ကိုယ်ချင်းစာစိတ်နဲ့ပဲဖြစ်ဖြစ်၊ empowerment လို့ပဲဆိုဆို လူတစ်ယောက်လို တန်ဖိုးထားလိုက်ရင် သူ့အတွက်ကော ကိုယ့်အတွက်ကော လူ့အသိုင်းအဝိုင်းအတွက်ပါ ကောင်းကျိုးတွေ ရနိုင်တာကြောင့် တန်ဖိုးတွေပျောက်ဆုံးမသွားဖို့ စိတ်ဓာတ်တွေကို ပြုပြင်ကြပါစို့**

# ကဏ္ဍများတွင် ခွင့်ပြုရန်ပုံငွေ မှန်ကန်စွာသုံးစွဲ ရလဒ်ကောင်းများရရှိအောင် စစ်ဆေးဖော်ပြရန်လို

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ၏ စာရင်းစစ်ဆေးရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ (၂/၂၀၁၄)ကို ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁၅ ရက်က ကျင်းပသည်။

စာရင်းစစ်ဆေးရေး လုပ်ငန်းဆွေးနွေးပွဲ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးသိန်းထိုက်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေပုဒ်မ ၁၁(က)နှင့်(ခ)တို့အရ မိမိတို့သည် နိုင်ငံတော်၏ အရအသုံးစာရင်းများကို စစ်ဆေးပြီး၊ စစ်ဆေးတွေ့ရှိချက်များ၊ စာရင်းစစ်ကန့်ကွက်ချက်များ၊ အရေးယူဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တစ်နှစ်လျှင်နှစ်ကြိမ်၊ နိုင်ငံတော်၏ အရအသုံးနှစ်ချုပ်စာရင်းများအပေါ် စစ်ဆေးတွေ့ရှိချက်များကို တစ်နှစ်လျှင်တစ်ကြိမ် ဥပဒေအရ တင်ပြလျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရက ပြည်သူဗဟိုပြု ဆင်းရဲနွမ်းပါးမှုလျှော့ချရေး မူဝါဒချမှတ်ဆောင်ရွက်ပေးနေရာတွင် အလုပ်အကိုင်ပေါများအောင် ဆောင်ရွက်နိုင်မှုအခြေအနေ၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသရေရရှိရေး အစရှိသည့် ကဏ္ဍများတွင် ခွင့်ပြုရန်ပုံငွေကို မှန်ကန်စွာသုံးစွဲပြီး ရလဒ်ကောင်းများ ရရှိအောင် ဆောင်ရွက်နေမှု အခြေအနေများကို စစ်ဆေးဖော်ပြနိုင်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ပြောကြား**

ဆက်လက်၍ ၎င်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်သော လုပ်ငန်းများအပေါ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဒုတိယခြောက်လအတွက် စစ်ဆေးတွေ့ရှိချက်များနှင့် ယခင်ပထမခြောက်လအတွက် စစ်ဆေးတွေ့ရှိချက်များမှ ဆက်လက်တင်ပြရန်ရှိသည်များကို ဆွေးနွေးတင်ပြကြရာတွင် နိုင်ငံ့ဘဏ္ဍာငွေများကို အပြည့်အဝရရှိအောင်၊ မလေလွင့်အောင်၊ မဆုံးရှုံးအောင်၊ ထိရောက်စွာ အသုံးပြုနိုင်အောင် ရည်ရွယ်ချက်များဖြင့် ခြောက်လတာကာလအတွင်း မည်သို့ဆောင်ရွက်နိုင်ခဲ့သည်ကို ဆွေးနွေးသွားကြရန်ဖြစ်ကြောင်းနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှလည်း စစ်ဆေးတွေ့ရှိထားသည်များကို ဆွေးနွေးပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်ကာလအတွက် စာရင်း စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

**ပြည်ထဲရေးဝန်ကြီးဌာန**
**အကျဉ်းဦးစီးဌာန**
**ပဲခူးအကျဉ်းထောင်သစ်တည်ဆောက်ရန်အတွက်**
**မြေနေရာပြုပြင်ခြင်းနှင့် မြေနေရာရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်ရန်**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်တွင် အကျဉ်းထောင်သစ်တည်ဆောက်ရန်အတွက် မြေနေရာပြုပြင်ခြင်းနှင့် မြေနေရာ ရှင်းလင်းခြင်း လုပ်ငန်းဆောင်ရွက်ရန် ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသား၊ ပုဂ္ဂလိက ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အဆိုပြုလွှာရောင်းချမည့်ရက် - ၁၈-၁၀-၂၀၁၄ရက်မှ ၂၄-၁၀-၂၀၁၄ရက်အထိ

၃။ တင်ဒါပိတ်မည့်ရက်/အချိန် - ၂၄-၁၀-၂၀၁၄ရက် ၁၆း၀၀နာရီ

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါ သည်-

**ဖုန်း-၀၆၇-၄၁၁၄၂၆၊ ၀၆၇-၄၁၁၄၂၀၊ ၀၉-၅၀၂၂၉၃၂**
**တင်ဒါရွေးချယ်ရေးစိစစ်မှုကော်မတီ**

**မိခင်အမည်မှန်**
မူဆယ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (A)မှ မထက်ထက်မင်းနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်မအမ်ဖြစ်ပါကြောင်း။
**ဒေါ်မအမ်**

**အမည်ပြောင်း**
ဦးငွေစိုး၏သမီး မတင်နီလာစိုး ၁၂/ဒဂမ(နိုင်)၀၁၅၉၃၈ Communication Officer(PTTEPI)အား မတင်နီလာဟု ပြောင်းလဲခေါ်ပါရန်။
**မတင်နီလာ**

**ဖခင် အမည်မှန်**
န္တားထိုးကြီးမြို့နယ်၊ ကနား အထက တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးဝေဦး၏ ဖခင်အမည်မှန်မှာ ဦးစိုးလှိုင်ဦး ၉/နထက(နိုင်)၀၀၂၆၈၇ ဖြစ်ပါကြောင်း။
**ဦးစိုးလှိုင်ဦး**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၄ဟ/၄၅၀၆ Hensim HS 250 ZH ယာဉ်လက်ဝယ်ရှိသူ ဦးကံကြီးမောင် ၉/အမရ(နိုင်) ၀၅၄၂၄၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ပိုင်း)၊ မန္တလေးမြို့**

**ကားရောင်းမည်**
TOYOTA WISH(Z grade) 2.0cc အနက်ရောင်စတိ ကျပ်၁၄၈သိန်း၊
**ဖုန်း-၀၉-၇၃၂၃၃၅၇၀၊ ၀၉-၇၃၂၂၅၃၇၄**

**အမည်ပြောင်း**
ဦးဇေယျာဦး၏သား အထက(၂) တာမွေနဝမတန်း(B)မှ မောင်နဒီဦးအား မောင်ဆက်ကောင်းစံဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဆက်ကောင်းစံ**


**မိဘအမည်မှန်**
မူဆယ်မြို့ အထက(၁)၊တက္ကသိုလ်ဝင်တန်း(A)မှ မအောင်ဌေး၏ မိဘအမည်မှန်မှာ ဦးစံမြ နှင့်ဒေါ်အေကွယ် ဖြစ်ပါကြောင်း။
**ဦးစံမြ-ဒေါ်အေကွယ်**

**အမည်ပြောင်း**
ဦးရန်နောင်၏သမီး ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ မဟာနွယ် ကိုယ်ပိုင်အလယ်တန်းကျောင်း၊ Grade(I) (C)မှ မဆွိတီအား မဆုလာဘ်ရတနာဟု ပြောင်းလဲခေါ်ပါရန်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၄ဂ/၈၆၅၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**မိဘအမည်မှန်**
ကျိုင်းတုံမြို့၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းထက်နှင်းဖူး၏ မိဘအမည်မှန်မှာ ဦးစိုင်းဆစ် ၁၃/တခလ(နိုင်)၀၃၁၄၃၈နှင့် ဒေါ်နန်းအီနစ် ၁၃/တခလ(နိုင်)၀၂၈၆၉၂ ဖြစ်ပါကြောင်း။

**အထူးကိုယ်စားလှယ်လွှဲစာ(SP)ပြန်လည်ရုပ်သိမ်းခြင်း**
ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပုန်းညက်လမ်း၊ အိမ်အမှတ်(တ/၃၇)နေ ကျွန်တော် ဦးတင်ထွန်း (ဘ)ဦးအောင်မြို့ ၉/မလန(နိုင်)၀၀၅၄၃၆မှ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ မြေကွက်အမှတ်(ဏ-၃၅)၊ အကျယ်အဝန်း ပေ(၁၂၀×၈၀)၊ ဧရိယာ ၀ ဒသမ ၂၂ ဧက၊ ဦးပိုင်အမှတ်(၇၈)၊ မြေယာအမှတ်(၇၈)၊ ဂရန်အမှုတွဲအမှတ်(၆၈၈/၉၈-၉၉)အတွက် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ ၁၆လမ်း၊ အိမ်အမှတ်(၁၄)နေ မစိုးစိုးခိုင်(ဘ)ဦးကျော်မြင့် (NKO-၀၄၅၅၃၅)သို့ လွှဲအပ်ထားသည့် ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်အရာရှိ ဦးချစ်ထွန်းအောင်၏ ၂၃-၆-၂၀၁၄ ရက်စွဲပါ SP အမှတ် (၃၇၇)ကို ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။
**ဦးတင်ထွန်း**
**၉/မလန(နိုင်)၀၀၅၄၃၆**







**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၅ဎ/၉၄၈၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**
ယာဉ်အမှတ် ၄ဂ/၂၅၇၀၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**မီးသတိပြု**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲ အင်အားရှစ်ရာကျော် ပါဝင်ဆင်နွှဲ

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- မင်းထက်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြန်မာနိုင်ငံတွင် ၁၉၉၂ ခုနှစ်မှ စတင်ကာ နှစ်စဉ်အောက်တိုဘာ ၁၅ ရက်တွင်ကျင်းပခဲ့သော မျက်မမြင် လမ်းလျှောက်ပွဲနေ့ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီက ရန်ကုန်မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်းရှိ မျက်မမြင်ကျောင်းများနှင့်အဖွဲ့အစည်းများမှ အင်အားရှစ်ရာကျော် လမ်းလျှောက် ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက နှစ်စဉ်ဦးစီးကျင်းပခဲ့သော မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲသည် ယခုအခါ (၂၃) ကြိမ် ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံတစ်ဝန်းရှိ စက္ခုချို့ယွင်းသူများအား နှစ်စဉ်စိတ်ဓာတ်ခွန်အားဖြည့်စွမ်းပေးနေသည့် တစ်ခုတည်းသော မျက်မမြင်လမ်းလျှောက်ပွဲကြီးတွင် နိုင်ငံတစ်ဝန်းရှိ မျက်မမြင်ကျောင်းငါးကျောင်းနှင့် အသင်းအဖွဲ့ ကိုးခုတို့မှ အမျိုးသား ၅၂၂ ဦး၊ အမျိုးသမီး ၃၆၀ စုစုပေါင်းအင်အား ၈၈၂ ဦးတို့က ဝမ်းပန်းတသာ ပါဝင်ဆင်နွှဲလမ်းလျှောက်ခဲ့ကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။ အဆိုပါပြိုင်ပွဲနှင့်ပတ်သက်၍ နှစ်စဉ် ဦးဆောင်ကျင်းပခဲ့သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးနှင့် နိုင်ငံတစ်ဝန်းရှိ မျက်မမြင်ကျောင်းများနှင့် အသင်းအဖွဲ့များမှ တပျော်တပါး ပါဝင်ဆင်နွှဲခဲ့သည့် ပြိုင်ပွဲဝင်များအား သတင်းသမားတစ်ဦးအနေဖြင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ဦးချိုထွန်းအောင်**
**ပြည်သူ့ဆက်ဆံရေးနှင့်**
**ပြန်ကြားရေးဌာန(ဌာနမှူး)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

“ယခုကျင်းပတဲ့ မျက်မမြင်လမ်းလျှောက်ပွဲဟာ နှစ်စဉ်ကျင်းပခဲ့တာ ဒီနှစ်နဲ့ဆို (၂၃)ကြိမ် ပြည့်မြောက်ခဲ့ပါပြီ။ ကျင်းပပေးတဲ့ ရည်ရွယ်ချက်ကလည်း နိုင်ငံတစ်ဝန်းမှာရှိတဲ့ အမြင်အာရုံချို့တဲ့နေတဲ့ ညီအစ်ကိုမောင်နှမတွေကို အားငယ်သိမ်ငယ်တဲ့စိတ်လေးတွေပပျောက်ပြီး လောကကို ရဲရဲရင်ဆိုင်နိုင်အောင် စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးတဲ့အနေနဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ အခုလိုလုပ်ပေးလိုက်ခြင်းအားဖြင့် သူတို့လေးတွေလည်း စိတ်ချမ်းမြေ့ပျော်ရွှင်မှုရရှိသလို ပြည်သူတွေအနေနဲ့လည်း ထိတွေ့ဆက်ဆံမှုပိုမိုများပြားလာကာ နားလည်နိုင်မှုနဲ့ ကြင်နာမှုစွမ်းအားတွေ ပိုမိုပေးနိုင်မှာဖြစ်ပါတယ်။ သူတို့လေးတွေ နေ့စဉ်ဖြတ်သန်းနေရတဲ့ အခြေအနေအားလုံးကို မေ့ပျောက်ပြီး ပတ်ဝန်းကျင်အသစ်တစ်ခုမှာ မိတ်သစ်ဆွေသစ်ရရှိကာ အတွေ့အကြုံသစ်လေးတွေကို တစ်ဦးနဲ့တစ်ဦး အပြန်အလှန်ဆွေးနွေးမှုရရှိတယ်။ အဲဒီလိုနဲ့ဘဝမှာ အောင်အောင်မြင်မြင် အနိုင်မခံအရှုံးမပေးဘဲ လူထုအကြားမှာ ပါဝင်လှုပ်ရှားနေတဲ့သူတွေ အများကြီးရှိပါတယ်။ အမြင်အာရုံချို့တဲ့ပေမယ့် ကဏ္ဍအသီးသီးမှာ ပညာရှင်တွေဖြစ်တဲ့ အထိ ပေါ်ပေါက်တာတွေရှိခဲ့ပါတယ်။ ဒီနှစ်ဆိုရင် အရင်နှစ်တွေကထက် ပါဝင်ယှဉ်ပြိုင် လမ်းလျှောက်တဲ့သူတွေ ပိုများလာပါတယ်။ မနှစ်ကဆိုရင် ခုနစ်ရာကျော်ပဲ ဝင်ရောက်လမ်းလျှောက်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ပိုမိုပါဝင်လမ်းလျှောက်လာသူ များသည့်အလျောက် အလှူရှင်တွေရဲ့ စေတနာနဲ့ ဒီပါဝင်ယှဉ်ပြိုင်တဲ့ အသင်းအဖွဲ့တွေအားလုံးကို ငွေကျပ်သိန်းပေါင်း ၂၇၀ ကျော်နဲ့ တန်ဖိုးငွေကျပ် ၄၅ သိန်းကျော်ဖိုးရှိ ပစ္စည်းတွေကို ကူညီထောက်ပံ့လာနိုင်ခဲ့ပါတယ်။ နောင်နှစ်နောင်နှစ်တွေမှာလည်း ဒီထက်မက ပိုမိုပြီးကူညီထောက်ပံ့မှုပေးနိုင်အောင် စီစဉ်လုပ်ဆောင်ပေးသွားမှာပါ” ဟု ပြောကြားခဲ့သည်။

**ဇင်မာသိန်း**
**အင်းစိန် ခဝဲခြံမျက်မမြင်ကျောင်း**



“ကျွန်မက ဒီအကြိမ်နဲ့ဆို ဝင်ရောက်ယှဉ်ပြိုင် လမ်းလျှောက်တာ ၁၁ ကြိမ်ရှိပါပြီ။ ဒီကျောင်းကို စရောက်လာတဲ့နှစ်ကတည်းက ဝင်ရောက် လျှောက်ဖြစ်ခဲ့တာပါ။ အခုလို နှစ်စဉ်ကျွန်မတို့ကို ပြည်သူတွေကြားမှာ ထိတွေ့ခွင့်ပေးတဲ့ ဒီလမ်းလျှောက်ပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီနဲ့ သက်ဆိုင်ရာလူကြီးတွေကို အထူးပဲကျေးဇူးတင်မဆုံး ဖြစ်မိပါတယ်။ ဒီလမ်းလျှောက်ပြိုင်ပွဲက သမီးတို့အတွက် ပျော်ရွှင်ဖွယ်ကောင်းသလို အတွေ့အကြုံသစ်၊ အပေါင်းအသင်းသစ်တွေလည်း ရရှိခဲ့ပါတယ်။ သမီးဇာတိက ကရင်ပြည်နယ် ဘားအံမြို့က ဖြစ်ပါတယ်။ ကျွန်မ ဒီခဝဲခြံမျက်မမြင်ကျောင်းကို ၂၀၀၁ ခုနှစ်က စရောက်ခဲ့တာပါ။ အခု ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှာ သမိုင်းမေဂျာနဲ့ Day ပထမနှစ်တက်နေပြီး နှစ်ဝက်စာမေးပွဲ ဖြေဆိုထားပါတယ်။ ကျွန်မအနေနဲ့ကတော့ နောင်အနာဂတ်မှာ ကျောင်းပြီးလည်း သင်တန်းတွေတက်မယ်။ ပြီးရင်ကျွန်မတို့လို အမြင်ချို့တဲ့ သူတွေအတွက်တင် မဟုတ်ဘဲ မသန်စွမ်းထုအတွက် အကျိုးပြုနိုင်မယ့် ပရဟိတလုပ်ငန်းတွေကိုတတ်အားသမျှ ပါဝင်ကူညီလုပ်ဆောင်ပေးသွားဖို့ ရည်ရွယ်ထားပါတယ်။ အခုလို ကျွန်မတို့အတွက် နှစ်စဉ်ကျင်းပပေးနေတဲ့ လမ်းလျှောက်ပွဲကို ရန်ကုန်မြို့တော်ဝန်နဲ့ အလှူရှင်တွေ၊ ဝိုင်းဝန်းကူညီပေးတဲ့ သက်ဆိုင်ရာလူကြီးတွေကိုလည်း အထူးကျေးဇူးတင်ပါတယ်” ဟု ရင်တွင်းစကားဆိုခဲ့သည်။

**ဇော်ဝင်းထွေး**
**လှိုင်သာယာစုပေါင်းအားမာန်အဖွဲ့**

“ကျွန်တော်က ဒီနှစ်ပဲ ဒီလမ်းလျှောက်ပွဲကို ဝင်ရောက်လျှောက်ဖြစ်ခဲ့တာပါ။ တစ်ခါမှ အခုလိုမပျော်ခဲ့ရဘူး။ အလွန်ပျော်ဖို့ကောင်းပါတယ်။ အပေါင်းအသင်းအသစ်တွေ ရရှိသလို၊ အတွေ့အကြုံအသစ်တွေလည်း ရရှိခံစားရပါတယ်။ ဒီနေ့ကျင်းပတဲ့ (၂၃)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်မျက်မမြင် လမ်းလျှောက်ပြိုင်ပွဲကို ကျွန်တော်တို့ လှိုင်သာယာစုပေါင်းအားမာန်အဖွဲ့အနေနဲ့ အမျိုးသား ၅၀ နဲ့ အမျိုးသမီး ၃၀ စုစုပေါင်း အင်အား ၈၀ ပါဝင်လမ်းလျှောက်ခဲ့ကြပါတယ်။ ကျွန်တော့်ရဲ့ဇာတိက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးကပါ။ ဒီလှိုင်သာယာစုပေါင်းအားမာန် အဖွဲ့ထဲကိုဝင်တာ တစ်နှစ်ကျော်ပဲရှိပါသေးတယ်။ ခုလောလောဆယ်တော့ ဂျပန်မျက်မမြင်အကြောပြင်မှာ အလုပ်ဝင်ရောက်လုပ်ကိုင်နေပါတယ်။ ဒီကရတဲ့ လစာလေးနဲ့ပဲ မိဘတွေကို အလုပ်အကျွေးပြု ထောက်ပံ့နေတာပါ။ ကျွန်တော်တို့လို အမြင်အာရုံချို့တဲ့သူတွေကို ခုလိုရန်ကုန်မြို့တော်ဝန်က နှစ်လမ်းလျှောက်ပြိုင်ပွဲလေး ကျင်းပပေးနေတာကို အလွန်ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် အချို့ကမ္ဘာ့နိုင်ငံတွေလို နိုင်ငံတော်အဆင့်က ကြီးမှူးပြီး လုပ်ဆောင်ပေးမယ်ဆိုရင် ကျွန်တော်တို့အတွက် ပိုပြီးစိတ်ဓာတ်ခွန်အားတွေ ဒီထက်ပိုမိုခံစားရမယ်လို့ ယုံကြည်ပါတယ်”ဟု ပြောဆိုခဲ့သည်။

**သဲစုစံ**
**ကြည့်မြင်တိုင်မျက်မမြင်ကျောင်း**
**ဒဿနိက(ဒုတိယနှစ်)**
**အဝေးသင်တက္ကသိုလ်**

“ကျွန်မတို့အတွက် အခုလို သီးသန့်ကျင်းပပေးတဲ့ ရန်ကုန်မြို့တော်ဝန်နဲ့ သက်ဆိုင်ရာလူကြီးတွေ၊ အလှူရှင်တွေကို အထူးပဲကျေးဇူးတင်မဆုံး ဖြစ်မိပါတယ်။ နိုင်ငံတကာရှိ မျက်မမြင်များဆုံစည်းခွင့်ရခဲ့ကြတဲ့ ဒီနေ့လေးက ကျွန်မတို့အနေနဲ့ကတော့ တကယ့်အမှတ်တရနေ့လေးတစ်နေ့ဖြစ်ပါတယ်။ ခုဆိုရင် ရန်ကုန်မြို့တော်ဝန် မျက်မမြင်လမ်းလျှောက်ပွဲအနေနဲ့ (၂၃) ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ ကျွန်မအနေနဲ့ နောက်နှစ်တွေမှာလည်း ဝင်ရောက်ယှဉ်ပြိုင်လျှောက်ဖြစ်ဖို့ များပါတယ်။ ကျွန်မက ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်ကပါ။ ကျွန်မအသက် ၁၄ နှစ် ရှစ်တန်းတက်နေစဉ်မှာ အမြင်အာရုံတဖြည်းဖြည်း မှုန်ဝါးလာပြီး နဝမတန်းရောက်တဲ့နှစ်မှာပဲ



လုံးဝမမြင်ရတော့ပါဘူး။ ဒီလိုနဲ့ ကျွန်မ တက္ကသိုလ်ဝင်တန်းကို အောင်မြင်အောင် ကြိုးစားဖြေဆိုခဲ့တာ တစ်နှစ်တည်းနဲ့ အောင်မြင်ခဲ့ပါတယ်။ အခုဆိုရင် ဒဿနိက ဒုတိယနှစ် (အဝေးသင်တက္ကသိုလ်) တက်ရောက်နေပါပြီ။ အခုလို ကျွန်မအောင်မြင်ခဲ့တာဟာလည်း နိုင်ငံတော်နဲ့ အလှူရှင်တွေရဲ့ စေတနာကြောင့်ပါ။ ဒါကြောင့်ကျွန်မအနေနဲ့ ဘယ်လိုအခြေအနေပဲဖြစ်ဖြစ် လောကကြီးကို နောက်မဆုတ်ဘဲ အစွမ်းရှိသမျှ ကြိုးစားဆောင်ရွက် လုပ်ကိုင်းရင်း မသန်စွမ်းညီအစ်ကိုမောင်နှမတွေကို ကိုယ်တတ်တဲ့အတတ်ပညာနဲ့ ပြန်လည် ဖေးမကူညီဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။



နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

# ဘိုင်ယန်မြူးနစ်တို့ အိမ်ကွင်းမှာသုံးမှတ်ယူမယ့်ပွဲစဉ်(၈)

ဒီတစ်ပတ်ရဲ့ အောက်တိုဘာ ၁၉ ရက်မှာတော့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၈)ကို ယှဉ်ပြိုင်ကစားပါလိမ့်မယ်။ တန်းစီဇယားထိပ်ဆုံးက ဘိုင်ယန်မြူးနစ်တို့ အခုပွဲမှာ အမှတ်ပြည့်ရယူဖို့ သေချာနေပြီး တန်းစီဇယားဒုတိယနေရာက ဂလာဘတ်တို့ကတော့ ခြေကုန်ထုတ်ရမယ့်အနေအထားဖြစ်နေပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ မထင်မှတ်ဘဲခြေစွာနေတဲ့အသင်းတွေကြောင့် ပြိုင်ပွဲတိုင်း စိတ်လှုပ်ရှားစရာကောင်းနေပါတယ်။

**ဘိုင်ယန်မြူးနစ်နှင့် ဝါဒါဘရီမင်**

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာတော့ ဝါဒါဘရီမင်တို့ တစ်ပွဲမှ နိုင်ပွဲမရသေးပါဘူး။ အထူးသဖြင့် အဝေးကွင်းမှာ ရှုံးပွဲတွေများနေတဲ့ ဝါဒါဘရီမင်ဟာ ဘိုင်ယန်မြူးနစ်တို့အတွက်တော့ အစဉ်အလာအရ ဂိုးပြတ်နိုင်ပွဲတွေချည်းရယူနိုင်ခဲ့တာမို့ အခုပွဲမှာလည်း သုံးမှတ်ရယူနိုင်ပါလိမ့်မယ်။ အိမ်ကွင်းမှာ နိုင်ပွဲတွေချည်းဆက်တိုက်ရယူထားတဲ့ ဘိုင်ယန်မြူးနစ်ဟာ တိုက်စစ်ခြေစွမ်းလည်း ကောင်းမွန်နေတာမို့ ဝါဒါဘရီမင်တို့ အမှတ်ဗလာနဲ့ အိမ်ပြန်ရမယ့်ပွဲဖြစ်ပါတယ်။

**ရှော်လ်ကေးနှင့် ဟာသာဘာလင်**

ခြေရည်တူနှစ်သင်းမို့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဟာသာဘာလင်နဲ့ နောက်ဆုံးငါးပွဲတွေ့ဆုံခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် ရှော်လ်ကေးတို့ ပွဲတိုင်းနိုင်ပွဲရခဲ့ပါတယ်။ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ ရှော်လ်ကေးဟာ ဒီပွဲမှာ လူစုံထုတ်ပြီး အမှတ်ပြည့်ရယူရေးကြိုးစားပါလိမ့်မယ်။

**ဟန်နိုဗာနှင့် ဂလာဘတ်**

ပုံမှန်ခြေစွမ်းရနေတဲ့ ဂလာဘတ်ကြောင့် ဟန်နိုဗာတို့ ပြင်ဆင်မှုကောင်းမှ ရပါလိမ့်မယ်။ ဂလာဘတ်ဟာ ခံစစ်ပိုင်းလုံခြုံပြီး တိုက်စစ်ပိုင်းအားနည်းတာမို့ ဟန်နိုဗာတိုက်စစ်မှူးတွေအတွက် အခက်အခဲဖြစ်နိုင်ပါတယ်။ ဂလာဘတ်ပရိသတ်တွေနဲ့အတူ ဒီပွဲမှာ အားပေးတာ မှန်ကန်ပါလိမ့်မယ်။

**စတုဂတ်နှင့် လေဗာကူဆင်**

တန်းဆင်းဇုန်ထဲရောက်နေတဲ့ စတုဂတ်ဟာ ဒီပွဲမှာ ရုန်းထပါလိမ့်မယ်။ ဒါပေမယ့် လေဗာကူဆင်ဟာ အဝေးကွင်းမှာကြိုးစားအားထုတ်မှုကောင်းတာမို့ စတုဂတ်တို့သတိထားရပါလိမ့်မယ်။ စတုဂတ်နဲ့ဆုံတိုင်း လေဗာကူဆင်တို့ အသာစီးရတာများတာမို့ စတုဂတ်တို့ အားထုတ်မှုဟာ အရာထင်ဖို့ သိပ်တော့မလွယ်ပါဘူး။

**ဖရိုင်းဘတ်နှင့် ဝုဖ်ဘတ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးငါးပွဲဆုံတွေ့မှုကို ကြည့်ရင် ဝုဖ်ဘတ်တို့ အသာစီးရထားပါတယ်။ ဝုဖ်ဘတ်ဟာ အဝေးကွင်းမှာ ပုံမှန်ခြေစွမ်းပျောက်ဆုံးနေတတ်တာမို့ အိမ်ရှင်တို့ အမှတ်ပြည့်ရယူနိုင်ရေး အားထုတ်ပါလိမ့်မယ်။

**ကိုလုံးနှင့် ဒေါ့မွန်**

ကိုလုံးရဲ့အိမ်ကွင်းရှုံးပွဲဆက်တိုက်ကြုံတွေ့နေရမှုကို ရပ်တန့်နိုင်မလားကြည့်ရမှာပါ။ ဒေါ့မွန်တို့လည်း ကစားအားကျပြီး အဝေးကွင်းရလဒ်တွေဆိုးရွားနေလို့ ဒီပွဲမှာ အိမ်ရှင်နိုင်ပွဲလို့ အလှည့်ပေးရင် မမှားနိုင်ပါဘူး။

**မိုးမြင့်လင်းလက်**

# ဂရင်းဆလမ် ဂေါက်သီးရိုက်ပြိုင်ပွဲ မာတင်ခေမာ ကျင်းပိုကစားပြီး ဖလားဆွတ်ခူး

ဘာမြူဒါ၌ကျင်းပသော ဂရင်းဆလမ်ဂေါက်ရိုက်ပြိုင်ပွဲတွင် ဂျာမနီဂေါက်သီးကစားသမား မာတင်ခေမာက အမေရိကန်ဂေါက်သီးကစားသမား ဘာဘာဝပ်ဆင်နှင့် ကျင်းပိုကစားပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ ယင်းတို့နှစ်ဦးသည် သတ်မှတ်ရိုက်ချက်ထက် ခြောက်ချက်စီလျှော့ရိုက်ခဲ့ကြသဖြင့် ကျင်းပိုကစားခဲ့ကြသည်။ ဂျာမနီဂေါက်သီးကစားသမား မာတင်ခေမာက ပထမဆုံးဘာဒီရပြီး ဖလားဆွတ်ခူးခဲ့သည်။

အမေရိကန်အိုးပင်းချန်ပီယံခေမာသည် အဆိုပါ ကျင်းပိုကစားခဲ့ရာတွင် ခုနစ်ပေအကွာမှ ကျင်းဝင်အောင်ရိုက်နိုင်ခဲ့သည်။ ထိုအချိန်၌ ဝပ်ဆင်က ၁၈ ကျင်းမြောက်တွင် အနီးကပ်ရိုက်ခွင့်ရသော်လည်း ကျင်းနှင့်လွဲချော်သွားခဲ့သည်။ အဆိုပါပြိုင်ပွဲသည် တစ်နှစ်တာအတွင်း ဂရင်းဆလမ်ပြိုင်ပွဲကြီး လေးခုမှ ချန်ပီယံဆုဆွတ်ခူးခဲ့သော ကစားသမားများ ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။



ကောင်းမြတ်သူရေးသားသည်

## လာလီဂါပွဲစဉ်နှင့် ရပ်တည်မှု

သီဟ

**စပိန်လာလီဂါ ပွဲစဉ်(၈)** **အောက်တိုဘာ ၁၈**

ဂရန်နာဒါ - ဗယ်လက်ကာနို နံနက် ၁း၃၀

**စပိန်လာလီဂါ ရပ်တည်မှုဇယား**

| စဉ် | အသင်း | ပွဲစဉ် | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဘာစီလိုနာ | ၇ | ၆ | ၁ | ၀ | ၁၉ |
| ၂ | ဗလင်စီယာ | ၇ | ၅ | ၂ | ၀ | ၁၇ |
| ၃ | ဆီဗီလာ | ၇ | ၅ | ၁ | ၁ | ၁၆ |
| ၄ | ရီးရဲမက်ဒရစ် | ၇ | ၅ | ၀ | ၂ | ၁၅ |
| ၅ | အက်သလက်တီကို | ၇ | ၄ | ၂ | ၁ | ၁၄ |
| ၆ | ဆယ်လ်တာဗီဂို | ၇ | ၃ | ၃ | ၁ | ၁၂ |
| ၇ | ဗီလာရီးရဲလ် | ၇ | ၃ | ၂ | ၂ | ၁၁ |
| ၈ | အက်စ်ပန်ညို | ၇ | ၂ | ၃ | ၂ | ၉ |
| ၉ | အီဘာ | ၇ | ၂ | ၃ | ၂ | ၉ |
| ၁၀ | အယ်လ်မာရီးယား | ၇ | ၂ | ၃ | ၂ | ၉ |
| ၁၁ | မာလာဂါ | ၇ | ၂ | ၃ | ၂ | ၉ |
| ၁၂ | ဗယ်လက်ကာနို | ၇ | ၂ | ၂ | ၃ | ၈ |
| ၁၃ | ဂရန်နာဒါ | ၇ | ၂ | ၂ | ၃ | ၈ |
| ၁၄ | ဂီတာဖေး | ၇ | ၂ | ၁ | ၄ | ၇ |
| ၁၅ | ဆိုစီဒက် | ၇ | ၁ | ၂ | ၄ | ၅ |
| ၁၆ | အယ်လ်ချီ | ၇ | ၁ | ၂ | ၄ | ၅ |
| ၁၇ | လီဗန်တေး | ၇ | ၁ | ၂ | ၄ | ၅ |
| ၁၈ | ဘီလ်ဘာအို | ၇ | ၁ | ၁ | ၅ | ၄ |
| ၁၉ | ကော်ဒိုဗာ | ၇ | ၀ | ၄ | ၃ | ၄ |
| ၂၀ | ဒီပို့တီဗို | ၇ | ၁ | ၁ | ၅ | ၄ |

### ဥရောပပြည်တွင်းလိဂ် ဂိုးသွင်းအများဆုံးစာရင်း

**အင်္ဂလန်ပရီမီယာလိဂ်**

၁။ ကော်စတာ(ချယ်လ်ဆီး) ၉ ဂိုး
၂။ လီယိုနာဒို(လက်စတာ) ၅ ဂိုး
၃။ ဘာရာဟီနို(ဝက်စ်ဘရွန်း) ၅ ဂိုး

**စပိန်လာလီဂါ**


၁။ စီရော်နယ်ဒို(ရီးရဲမက်ဒရစ်) ၁၃ ဂိုး
၂။ နေမာ(ဘာစီလိုနာ) ၇ ဂိုး
၃။ မက်ဆီ(ဘာစီလိုနာ) ၆ ဂိုး

**အီတလီစီးရီးအေ**

၁။ တီဗက်ဇ်(ဂျူဗင်တပ်စ်) ၆ ဂိုး
၂။ ဟွန်ဒါ(အေစီမီလန်) ၄ ဂိုး
၃။ ဒီနာတယ်လီ(အူဒီးနိစ်) ၄ ဂိုး



ကြော်ငြာ


GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS
AN UNPRECEDENTED
MILESTONE
For Myanmar
REEBONZ
REEBONZ.COM
Asia's Largest Luxury Brand E-tailer
Coming Soon As GOLDEN CITY's Retail Anchor Tenant
10:30am, 18th Oct 2014 (Saturday)
GOLDEN CITY SHOWROOM
GOLDEN CITY, joins forces with REEBONZ
to be pioneers in the retail sector
The first in Myanmar to bring in luxury items,
taking Yangon to new heights
HERMÉS CHANEL PRADA LOUIS VUITTON
GUCCI YVESSAINTLAURENT BOTTEGA VENETTA CARTIER
DIOR BVLGARI GIVENCHY ROLEX
Hotline:+95(0)1-8605111 +95(0)1-8605222
Project Address: Yankin Road, CMA Old Building,
Yankin Township, Yangon Myanmar
Website: www.glredcl.com
Developer: Golden Land Real Estate Development Co., Ltd.

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

## ထီးလင်းအားကစားကွင်းတွင် ချစ်ကြည်ရေးဘောလုံးပြိုင်

**ထီးလင်း အောက်တိုဘာ ၁၆**

ဂန့်ဂေါခရိုင် ဘောလုံးအသင်းနှင့် ထီးလင်းမြို့နယ် ဘောလုံးအသင်းတို့ အောက်တိုဘာ ၆ ရက်က ထီးလင်းမြို့ အားကစားကွင်း၌ ချစ်ကြည်ရေးဘောလုံးကစားကြရာ ပထမပိုင်းတွင် ဂန့်ဂေါခရိုင်အသင်းက တစ်ဂိုးသွင်းယူပြီး ဒုတိယပိုင်းတွင် ထီးလင်းမြို့နယ်အသင်းက ချေပဂိုးသွင်းနိုင်သဖြင့် တစ်ဂိုး-တစ်ဂိုးဖြင့် သရေပွဲဖြစ်သွားသည်။

အဆိုပါ ဘောလုံးပွဲသို့ ထီးလင်းမြို့နယ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးတင်လတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်အားပေးကြ၍ ဘောလုံးအသင်းနှစ်သင်းအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်း သိရသည်။ (၁၀၁)

## နတ်တလင်း၌ ယာဉ်စည်းကမ်း လမ်းစည်းကမ်း အရှိန်မြှင့်

**နတ်တလင်း အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီအထိ မြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်ထိန်းသိမ်းရေးကော်မတီမှ ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူ ၂၀ ကို ဦးထုပ်များဖြန့်ဝေပေးပြီး မြို့မရဲစခန်းမှူး ရဲအုပ်လှသန်းနိုင်က ဆိုင်ကယ်စီးသူများ ဦးထုပ်မဆောင်းခြင်းကြောင့် မတော်တဆဖြစ်မှုများတွင် ထိခိုက်ဒဏ်ရာရခြင်း၊ နောက်ဆုံး သေဆုံးသည်အထိ ဖြစ်ပေါ်နေကြကြောင်း။

ထို့ကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အထူး လိုက်နာကြပါရန်နှင့် ရှေ့ဆက်လက်ပြီး အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံ ပြည်သူများအနေဖြင့် လက်ဆင့်ကမ်း ပြောကြားပေးကြရန်နှင့် ဆိုင်ကယ်စီးဦးထုပ်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **တင်မြင့် (နတ်တလင်း)**



နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ဘုရင့်နောင်ရပ်ကွက် အမှတ်(၁၀) ပိန်းတော အခြေခံပညာ မူလတန်းလွန်ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း မြက်ခင်းပြင်၌ကျင်းပရာ တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံ ဦးဖုန်းဇော်ဟန်၊ နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ်တာဝန်ခံ ဦးမြင့်ရွှေနှင့် နေပြည်တော် ပညာရေးညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ တင်ထွန်းတာ

# လှိုင်သာယာအင်းကလိုင်ကွင်း ပုလဲသွယ် (GAP)မိုးစပါးစံကွက် ၁၀ ဧက စမ်းသပ်စိုက်ကွက် ရွှေဝါရောင်စပါးခင်း မကြာမီရိတ်သိမ်းမည်

**ရန်ကုန် အောက်တိုဘာ ၁၆**

မြေနှင့်ရေရှိလျှင် အလုပ်ရှိမည်၊ ပညာတတ်၍လယ်လုပ်လျှင်တိုင်းပြည်တိုးတက်မည်ဟူသော ခံယူမှုဖြင့် တောင်သူများက စပါးစိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကလည်း တောင်သူများ အထွက်နှုန်းကောင်း၍ ဈေးနှုန်းသက်သာသောမြေသြဇာများ အသုံးပြုနိုင်စေရန် စမ်းသပ်စိုက်ပျိုးလျက်ရှိရာ လှိုင်သာယာ အင်းကလိုင်ကွင်းပုလဲသွယ်(GAP) မိုးစပါးစံကွက် ဧက ၁၀ စမ်းသပ်စိုက်ကွက် ရွှေဝါရောင်တောက်လျက်အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အောက်တိုဘာ ၂၀ ရက်နောက်ပိုင်းတွင် စံကွက်ရိတ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ကွက်သည် ယမန်နှစ်က မိုးစပါးတစ်ဧကလျှင်တင်း ၂၀၀ ခန့်ထွက်ရှိခဲ့ပြီး ယခုနှစ် ပုလဲသွယ်မိုးစပါးတင်း ၂၀၀ မျှော်မှန်းထားကြောင်း အောက်တိုဘာ ၂၀ရက်နောက်ပိုင်းရိတ်သိမ်းရက် သတ်မှတ်ထားပြီး မြေသြဇာထည့်သွင်းတိုင်း အထွက်နှုန်းမကောင်းနိုင်ဘဲ သဘာဝမြေသြဇာဖြင့်လည်း အထွက်နှုန်းကောင်းနိုင်ကြောင်း၊ စမ်းသပ်စိုက်ပျိုးနေသော စမ်းသပ်ကွက်ဖြစ်၍ ဇူလိုင် ၂၀ ရက်က စတင်စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မြေအသုံးချရေးဌာနခွဲ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်လှလှအေးက ပြောကြားသည်။

အင်းကလိုင်ကွင်း ပုလဲသွယ် အထူးအထွက်တိုးစပါး စမ်းသပ်ကွက်မှာ မြေစေးဖြစ်၍ မြေအချဉ်ဓာတ်ပါရှိပြီး လူနှင့် နီးကပ်သောကြောင့်ကြွက်အန္တရာယ်စိုးရိမ်ရသည့်အတွက် မြေအသုံးချရေးဌာနခွဲ စိုက်ပျိုးရေးဦးစီးဌာနက ကြီးကြပ်မှုကြောင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ထိုစမ်းသပ်ကွက်တွင် $KNO_3$ ရွက်ဖျန်းမြေသြဇာစမ်းသပ်ကွက်၊ မြေအချဉ်ဓာတ်ထိန်းပြီး စိုက်ပျိုးမြေအဖြစ် အမြဲအသုံးပြုနိုင်စေရန် ဂျင်ပဆန်မြေသြဇာထည့်သွင်းသော စမ်းသပ်ကွက်၊ သဘာဝမြေသြဇာစမ်းသပ်ကွက်၊ ထုံးစမ်းသပ်ကွက်၊ ရွက်ဖျန်းမြေသြဇာစမ်းသပ်ကွက်၊ မြေသြဇာနှုန်းထားအမျိုးမျိုး စမ်းသပ်ကွက်၊ GAP နည်းစနစ် စမ်းသပ်ကွက်တို့ဖြင့် စမ်းသပ်စိုက်ပျိုးထားသောကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အဓိက တာဝန်ကြီးသုံးရပ်ကို လက်တွေ့အကောင်အထည်ဖော်မှုသည် တောင်သူများ၏ အကျိုးစီးပွားနှင့် တိုင်းပြည်တိုးတက်မှုအတွက်ပင် ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## သတင်းတိုများ

### နမ့်ဆန်မြို့ အများပြည်သူအသုံးပြုသောရေကန် သန့်ရှင်းရေးဆောင်ရွက်

**နမ့်ဆန် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ပြည်သူများအသုံးပြုလျက်ရှိသော ရေကန်သန့်ရှင်းရေးအတွက် ဒိုက်၊ ဗေဒါပင်နှင့် အမှိုက်သရိုက်များရှင်းလင်းခြင်း၊ ရေကန်ပတ်လည် ချုံနွယ်များရှင်းလင်းခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၀ ရက်က ဆောင်ရွက်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ကြရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် တာဝန်ရှိသူများ၊ စည်ပင်သာယာရေးဌာန ဝန်ထမ်းများက အောက်တိုဘာ ၁၀ ရက်မှ ၁၃ ရက်အထိ ဆောင်ရွက်ခဲ့ပြီး ယခုအခါရေကန်အတွင်းအမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက် ပြီးစီး၍ရေပေးဝေရေးလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဉာဏ်မင်း(နမ့်ခမ်း)**

### မိုးရေဝင်ရောက်၍ ခြင်ပေါများခြင်းကြောင့် ခြင်ဆေးမှုတ်ပေးရန် လိုလားလျက်ရှိ

**မြင်းမူ အောက်တိုဘာ ၁၆**

မြင်းမူမြို့ မင်းရဲကျော်စွာရပ်ကွက် သစ္စာလမ်းတောင်ဘက်ခြမ်းတွင် မိုးရေများဝင်နေသဖြင့် အနံ့ထွက်ခြင်း၊ ဝင်းတစ်ခုလုံးတွင် ချုံနွယ်ပိတ်ပေါင်းများပေါက်ရောက်နေပြီး ခြင်ပေါများခြင်းကြောင့် သွေးလွန်တုပ်ကွေး ရောဂါဖြစ်မည်ကို စိုးရိမ်နေကြရသောကြောင့် သက်ဆိုင်ရာမှ ခြင်ဆေးမှုတ်ပေးခြင်းနှင့် ရေများထုတ်ပေးရန် လိုအပ်လျက်ရှိသည်။

နှစ်စဉ်မိုးတွင်းကာလ၌ အဆိုပါနေရာအပါအဝင် သစ္စာလမ်းတောင်ဘက်ခြမ်းနေအိမ် တချို့ မိုးရေဝင်ရောက်လျက်ရှိရာ အလှူငွေကောက်ခံပြီး မိုးရေများထုတ်ခဲ့သဖြင့် ယခုနှစ် ယင်းနေရာများ ရေဝင်ရောက်မှုမရှိကြောင်း သိရသည်။ **ကိုကိုနိုင်(မြင်းမူ)**

### မြန်မာ့အလင်းသတင်းထောက်မိသားစု ထားဝယ်ဘိုးဘွားရိပ်သာသို့ ပစ္စည်းများလှူဒါန်း

**ထားဝယ် အောက်တိုဘာ ၁၆**

ထားဝယ်မြို့ ဘိုးဘွားရိပ်သာ၌ စက်တင်ဘာနောက်ဆုံးပတ်က နှစ်သိန်းတန်ဘုရားကျောင်းဆောင်ကို ဘိုးဘွားများကြည်ညိုဖူးမြော်ရန်အတွက် မြန်မာ့အလင်းသတင်းထောက် ဦးခင်မောင်ကြီး မိသားစုက ဘိုးဘွား ၂၁ ဦး ကိုယ်စား အဆောင်မှူး ဦးဖေလွင်သို့ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဒုတိယတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီးချစ်စိန်၊ တိုင်းရဲတပ်ဖွဲ့ဦးစီးအရာရှိ ဒုတိယရဲမှူးကြီး မျိုးမင်းအောင်၊ ထားဝယ်ခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ပြီး အငြိမ်းစား ဆရာဆရာမများ၊ ဒေသခံ ပြည်သူများကို စားသောက်ဖွယ်ရာများနှင့်ကျွေးမွေးဧည့်ခံကာ အဘိုးအဘွားများက ဆုမွန်ကောင်းများ ပေးခဲ့ကြောင်း သိရသည်။ (၁၅၂)

**နိုင်ငံကြီးသား ပီသစွာ အခွန်ဆောင်တာ ပြည့်အကျိုးပါ**


**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ယ/၇၁၅၈၈၊ Yamaha DT 125 R MC ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၉/မနတ(နိုင်)၀၄၈၉၀၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၈ယ/၇၈၈၁၂၊ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်စိုး ၉/အမဇ(နိုင်)၀၀၉၉၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**အမည်မှန်**

ဦးအားဂျေ့၏သမီး ကျိုင်းတုံမြို့၊ အထက(၅) တက္ကသိုလ်ဝင်တန်း(ခ)မှ မနမ်းဟွမ်ခမ်း၏ အမည်မှန်မှာ မနန်းဟွမ်ခမ်း ၁၃/ကတန(နိုင်)၁၇၂၆၀၁ ဖြစ်ပါကြောင်း။

**မနန်းဟွမ်ခမ်း**

**ဖခင်အမည်မှန်**

မြောက်ဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇော်ဝင်းမြတ်၏ ဖခင်အမည်မှန်မှာ ဦးလှဖြူအောင်ဖြစ်ပါကြောင်း။

**ဦးလှဖြူအောင်**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 2E/5468 Honda Insight ZE2, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအားစီ ၁၃/ကတန(နိုင်) ၀၈၄၇၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 1H/8562 HYUNDAI, MINI BUS (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းညိမ်း ၁၂/ကမတ(နိုင်)၀၂၁၂၁၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

**ဖခင်အမည်မှန်**

ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်းကျေးရွာ အထက(ခွဲ) နဝမတန်းမှ မဇာခြည်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ၉/ဝတန(နိုင်) ၀၇၆၄၂၈ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး**

**ဖခင်အမည်မှန်**

နမ့်ခမ်းမြို့၊ စယ်ဟိုင်းကျေးရွာအုပ်စု၊ စယ်ဟိုင်းရွာနေ နန်းယွေ့ဆိုင်ငင်း၏ ဖခင်အမည်မှန်မှာ ဦးမိုင်းဇော်ဝင်းဦး ၁၃/သနန(နိုင်)၀၄၀၅၅၂ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၅၀၄၆၅၊ Honda 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်း ၉/မရမ(နိုင်)၀၃၂၆၄၀က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**အမည်ပြောင်းနှင့် မွေးသက္ကရာဇ်အမှန်**

ဦးလဗျန်၏သမီး ကွတ်ခိုင်မြို့အထက တက္ကသိုလ်ဝင်တန်း(B)မှ မရွှယ်ဆိုင်အား အိမ်ထောင်စုစာရင်းအရ မရွှယ်ဂျီဟု ပြောင်းလဲခေါ်ပါရန်နှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၅-၁၉၉၆ ဖြစ်ပါကြောင်း။

**မရွှယ်ဂျီ ၆-၅-၁၉၉၆**

**ဖခင်အမည်မှန်**

သီပေါမြို့၊ ပန်းတိမ်တောင်၊ ရပ်ကွက်နယ်မြေ(၈)နေ နန်းသန်းလူ၏ ဖခင်အမည်မှန်မှာ ဦးစိုင်းစံဆိုင်(ခ)ဦးထွန်းမြတ်(ခ)ဦးဆန်စိုင်း ၁၃/သပန(နိုင်)၀၄၃၃၁၈ ဖြစ်ပါသည်။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ခ/၃၉၈၀၊ Multi Light Truck P/U (4×2)® ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆန်းဆန်းအေး ၁၂/ပဇတ(နိုင်)၀၁၈၆၄၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၅ယ/၂၂၉၃၄ Honda Dream ND 125m M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဆွေ ၆/ကစန(နိုင်)၁၀၇၂၄၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၂၉၈၃၂ Luojia 110 ယာဉ်လက်ဝယ်ရှိသူ PAN MYAT-CHERRYက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ (နေပြည်တော်)**

**ဖခင်အမည်မှန်**

မိုးမိတ်မြို့၊ မိုးဘုံရွာ၊ အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနန်းထွေးညို၏ ဖခင်အမည်မှန်မှာ ဦးအောင်ခမ်း ၁၃/မမတ(နိုင်) ၀၁၁၈၇၇ ဖြစ်ပါကြောင်း။

**ဦးအောင်ခမ်း**

**အမည်ပြောင်း**

ဦးအောင်နိုင်ထွေး ၁၀/ရမန(နိုင်)၁၀၄၂၀၃ ၏သမီး အထက(၉) တက္ကသိုလ်ဝင်တန်း(က) မော်လမြိုင်မြို့မှ မနွေးနွေးသံစဉ်လှိုင်းအား မနွေးသီရိအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မနွေးသီရိအောင်**

**မိခင်အမည်မှန်**

နေပြည်တော်၊ ပျဉ်းမနား အထက(၂) တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဟိန်းရဲထူး၏ မိခင်အမည်မှန်မှာ ဒေါ်မိုးနှင်းဖြူ ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၂၇ယ/၁၆၁၀၀၊ ယာဉ်လက်ဝယ်ရှိသူ ဦးခမ်ခန့်ခုပ် ၅/ကလထ(နိုင်)၀၁၅၃၄၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ်7F/2462၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ကင်ဆာရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဇယားများအရ တစ်ကမ္ဘာလုံးတွင် ကင်ဆာရောဂါ အသစ်ဖြစ်ပွားမှုနှုန်းမှာ နှစ်စဉ် ၁၄ ဒသမ ၁ သန်းခန့်ရှိပြီး ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းမှာ နှစ်စဉ် ၇ ဒသမ ၄ သန်းခန့်ရှိပါသည်။ အရှေ့တောင်အာရှဒေသတွင် ကင်ဆာရောဂါအသစ် ဖြစ်ပွားမှုနှုန်းမှာ နှစ်စဉ် ခုနစ်သိန်းခန့်ရှိကာ ကင်ဆာရောဂါကြောင့် သေဆုံးမှုနှုန်းမှာ နှစ်စဉ် ငါးသိန်းခန့်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကင်ဆာရောဂါ ဖြစ်ပွားသေဆုံးမှု ပိုမိုများပြားလာသည်ကို သိရှိရသည်။

ကင်ဆာရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွား၍ ခန္ဓာကိုယ်၏ မည်သည့်အစိတ်အပိုင်းတွင်မဆို ဖြစ်ပွားနိုင်သည်။ တစ်ဦးနှင့်တစ်ဦး ကူးစက်တတ်သောရောဂါမဟုတ်ပါ။ အကြောင်းအမျိုးမျိုးကြောင့် ခန္ဓာကိုယ်ရှိမူမမှန်သောဆဲလ်များ ထိန်းချုပ်မှုကင်းမဲ့စွာ ပွားများလာခြင်းကြောင့် ကင်ဆာရောဂါ ဖြစ်ပွားလာခြင်းဖြစ်သည်။

ကင်ဆာရောဂါ၏ သံသယလက္ခဏာများမှာ ခန္ဓာကိုယ်အတွင်း အဖု အကျိတ်များထွက်လာပြီး လျင်မြန်စွာ ကြီးထွားလာခြင်း၊ ပျောက်သင့်သည့် အချိန်ကျော်၍ မပျောက်သော အနာများဖြစ်ရခြင်း၊ အမြဲအသံဝင်လာခြင်း၊ တရှောင်ရှောင်ဖြစ်ခြင်း၊ ကိုယ်အလေးချိန် သိသာစွာကျဆင်းခြင်း၊ အမြဲမပြတ်ချောင်းဆိုးလာခြင်း၊ အစာမျိုရခက်ခဲခြင်း၊ အစားအသောက် သိသာစွာ ပျက်ခြင်း၊ ခန္ဓာကိုယ်ပေါ်ရှိ မှဲ့(သို့) ကြွက်နို့၊ မွေးရာပါအမှတ်များ ကြီးထွားလာခြင်းနှင့် သွေးထွက်ခြင်း၊ အရောင်ပြောင်းခြင်း၊ အမျိုးသမီးများတွင် အချိန်အခါမဟုတ်ဘဲ သွေးဆင်းခြင်း၊ အဖြူဆင်းခြင်း၊ လည်ပင်း၊ ချိုင်း၊ သားမြတ်၊ ပေါင်ရင်း စသည်တို့တွင် အလုံး၊ အကျိတ်အခဲများ ဖြစ်ပေါ်ခြင်း စသည်တို့ ဖြစ်ပါသည်။

ကင်ဆာရောဂါကို ခွဲစိတ်ကုသခြင်း၊ ကင်ဆာဆေးများဖြင့် ကုသခြင်း၊ ဓာတ်ရောင်ခြည်ဖြင့် ကုသခြင်း၊ ဟိုမုန်းဆေးများဖြင့် ကုသခြင်း၊ မျိုးရိုးဗီဇ ကုထုံးကဲ့သို့ ခေတ်မီကုသနည်းများဖြင့် ကုသခြင်းတို့ဖြင့် ကုသနိုင်ပြီး ရောဂါ အခြေအနေအလိုက် ကုသနည်း တစ်ခုချင်းသော်လည်းကောင်း၊ ပေါင်းစပ်၍ သော်လည်းကောင်း ကုသနိုင်ပါသည်။ အချို့ကင်ဆာရောဂါများကို စောစီးစွာ သိရှိ၍ အချိန်မီထိရောက်စွာ ကုသမှုခံယူပါက ပျောက်ကင်းနိုင်ပါသည်။ ရောဂါအဆင့်လွန်မှ ကုသလျှင် ပျောက်ကင်းရန် မလွယ်ကူပါ။ စနစ်တကျ မကုသပါက ရောဂါပိုမိုဆိုးရွား၍ အသက်ဆုံးရှုံးနိုင်ပါသည်။

သို့ဖြစ်ပါ၍ ကင်ဆာရောဂါဖြစ်ပွားမှုကို ကြိုတင်ကာကွယ်ရန်အတွက် ဆေးလိပ်သောက်ခြင်း၊ ဆေးရွက်ကြီးငုံခြင်း၊ ကွမ်းစားခြင်း၊ အရက်သောက်ခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ တာရှည်အထားခံရန်အတွက် ပြင်ဆင်ထားသော အစားအစာများ၊ အကင်များ၊ ယမ်းစိမ်းဖြင့်ပြုလုပ်ထားသောအစားအစာများ၊ ဆိုးဆေးပါဝင်သော အစားအစာ၊ အသီးအနှံများ၊ စားသုံးခြင်းမှ ရှောင်ကြဉ်၍ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာများစားသုံးခြင်း၊ ပြင်းထန်သော နေရောင်ခြည်ကို ကြာရှည်စွာ တိုက်ရိုက်ထိတွေ့မှုမှ ကာကွယ်ခြင်း၊ ကျန်းမာရေးစစ်ဆေးမှုပုံမှန်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးရုံကြီးများတွင် ကင်ဆာရောဂါကို ထိရောက်စွာ ကုသမှုခံယူနိုင်ရန်အတွက် အရည်အသွေးပြည့်မီသော ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။ သို့ပါ၍ မိမိတွင် ကင်ဆာရောဂါ သံသယလက္ခဏာများကို တွေ့ရှိပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းများတွင် စစ်ဆေးကုသမှု ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# အမျိုးသားကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၆**

၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ကာယဗလမောင်ပြိုင်ပွဲနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ နာယကဖလား အမျိုးသမီး ကာယကြံ့ခိုင်မှု ပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်ပေါင်းစုံကလပ်အသင်းတို့မှ ကာယဗလမောင်ပြိုင်ပွဲဝင် ၂၇ ဦး၊ အမျိုးသမီး ကာယကြံ့ခိုင်မှုမယ် အငယ်တန်းပြိုင်ပွဲဝင် ၁၄ ဦးနှင့် မယ်အကြီးတန်းပြိုင်ပွဲဝင် ၁၀ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။



ကာယဗလမောင် ၆၀ ကီလိုတန်းမှ ၇၅ ကီလိုတန်းအထိ အတန်းလိုက်ပြိုင်ပွဲ၌ ကာယဗလမောင် ပထမ၊ ဒုတိယ၊ တတိယဆုရ အားကစားသမားများကို ဆပ်ကော်မတီဥက္ကဋ္ဌ ဦးဟန်မြိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးပြား၊ ဦးတင်အောင်ကြည်နှင့် တာဝန်ရှိသူများက ဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ကြပြီး အကောင်းဆုံးကာယဗလမောင် ပြိုင်ပွဲတွင် ပထမဆုရ အောင်စိုးမင်း (My life ကလပ်)၊ ဒုတိယဆုရ ချစ်ငွေ (မိုးကုတ်)နှင့် တတိယဆုရ ညီညီဖြူ (ပုလဲနက်ကလပ်) တို့ကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ကိုယ်စား လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်က ဆုငွေ၊ ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကာယဗလမောင် ကီလိုအတန်းလိုက်ပြိုင်ပွဲများ၌ ပထမဆုရ ကာယဗလမောင်တို့ကို အလှူရှင် ပုလဲနက်အားကစားခန်းမပိုင်ရှင် ဒေါ်သန်းသန်းမြင့်က ဆုငွေကျပ် နှစ်သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ အငယ်တန်းမယ်ပြိုင်ပွဲတွင် တတိယဆုရ ရတနာပုံတက္ကသိုလ်မှ တယုတယလွှာ၊ ဒုတိယဆုရ Mylife GYM မှ ဆုမြင့်ဝင်း၊ ပထမဆုရ ဗထူးကလပ်မှ နန်းလောက်ခမ်းတို့ကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နီနီလှိုင်က ဆုငွေနှင့် ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ခဲ့ပြီး အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ အကြီးတန်းပြိုင်ပွဲတွင် တတိယဆုရ ဗထူးကလပ် မတ္တရာမြို့နယ်မှ နေခြည်တင့်ဝေ၊ ဒုတိယဆုရ ဗထူးကလပ် တံတားဦးမြို့နယ်မှ နန်းဆိုင်မွေဟွမ်နှင့် ပထမဆုရ Flora GYM မှ ချယ်ရီမောင်တို့ကို မန္တလေးတိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့နာယက အဖွဲ့ဝင် သုခမ္မသီရိ ဒေါ်မြစန္ဒာဝင်း(တော်ဝင်စိန်တိုက်)က ဆုငွေနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**

# ဖားကန့်မြို့နယ် ရှုဒူးဇွပ်ကျေးရွာ၌ အခမဲ့နာရေးကူညီမှုအသင်းရုံးတည်ဆောက်

**ဖားကန့် အောက်တိုဘာ ၁၆**

ဖားကန့်မြို့နယ် ရှုဒူးဇွပ်ကျေးရွာ သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ အလိုတော်ပြည့်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုနန္ဒ၏ဦးဆောင်မှုဖြင့် ကျောင်းဝင်းအတွင်း၌ ကရုဏာနာရေးကူညီမှုအသင်းရုံးခန်းကို အလျားပေ ၃၀၊ အကျယ် ပေ ၂၀ ရှိ သွပ်မိုးအုတ်ညှပ်အင်္ဂတေခင်းတစ်ထပ်အဆောက်အအုံအဖြစ် စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ် သိန်း ၈၀ ကျော် အကုန်အကျခံကာ တည်ဆောက်လျက်ရှိရာ ယခုအခါ လုပ်ငန်း ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ဝေးလံခေါင်းပါးသည့် အရပ်ဒေသတစ်ခု၌ ကောင်းမြတ်သော ရည်ရွယ်ချက်ဖြင့် အခမဲ့နာရေးကူညီမှုအပါအဝင် လူမှုကူညီရေးလုပ်ငန်းများ ကျယ်ပြန့်အားကောင်းလာစေရန် အားဖြည့်ထောက်ကူ လှူဒါန်းလိုသူများအနေဖြင့် အသင်းအတွင်းရေးမှူး ဦးဇော်မင်းထွန်း ဖုန်း- ၀၉-၄၇၀၁၅၁၅၈ နှင့် ဘဏ္ဍာရေးမှူး ဦးပူစူး ဖုန်း-၀၉-၄၇၀၁၀၇၈၈ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းအောင်**

# ယာခင်းအတွင်း ပေါင်းသင်နေသူကို ဒိုင်နာယာဉ်ဝင်တိုက်၍ သေဆုံး

**အရာတော် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် မုံရွာ-ရွှေဘိုကားလမ်း ဝါးတန်းကျေးရွာအနီး မိုင်တိုင်အမှတ်(၁၄/၆)နှင့်(၁၄/၇)ကြားတွင် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ အရာတော်မြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးမှုပြုလုပ်ခဲ့ရာ ရွှေဘိုဘက်မှ မုံရွာသို့အသွား ဝါးတန်းကျေးရွာအုပ်စု ကျောက်စရစ်ကျေးရွာနေ မောင်လှမျိုးသူ (၂၃ နှစ်)မောင်းနှင်လာသော ၆က/. . . ဒိုင်နာယာဉ်သည် လမ်းဘေးယာခင်းထဲတွင် ပေါင်းသင်နေသူ မောင်ရီဝင်း (၄၀ နှစ်)ကို ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့ဝင်ရောက်တိုက်မိမှုကြောင့် မောင်ရီဝင်းမှာ ရုတ်တရက် ရှောင်တိမ်းချိန်မရဘဲ အခင်းဖြစ်ပွားရာ နေရာတွင် သေဆုံးသွားခဲ့သည်။

ယာဉ်မောင်းမောင်လှမျိုးသူအား ယာဉ်စည်းကမ်း ဥပဒေအရ အရာတော်မြို့နယ် ရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီးရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများကို မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

**စဉ် ပစ္စည်းအမျိုးအမည်**

(၁) ခွဲကျောက်(အရွယ်စုံ) ၆"-၉"၊ ၂"-၄"၊ <၃"၊ ၁"-၂"၊ ၁/၂"-၃/၄"၊ ၃/၈"

(၂) မြစ်သဲ

(၃) မြေနီကျောက်စရစ်

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်နှင့်အချိန်** - ၂၀-၁၀-၂၀၁၄ ရက် ၉း၀၀ နာရီ

**တင်ဒါပုံစံပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၁၀-၂၀၁၄ ရက် ၁၆း၃၀ နာရီ

**တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက် ၁၀း၀၀ နာရီ

**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - အစည်းအဝေးခန်းမ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ သရက်မြို့

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ သရက်ခရိုင်၊ သရက်မြို့တွင် ၂၀-၁၀-၂၀၁၄ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်း ဝယ်ယူနိုင်ပါသည်။

(အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် ပုံစံများအား ဖွင့်ပွဲအခမ်းအနားကျင်းပချိန်တွင် အများရှေ့မှောက်၌ တင်သွင်းပါရန်)

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း-၀၆၈-၂၁၀၈၉၊ ၀၆၈-၂၁၀၂၃**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂) သတ္တုတွင်းလုပ်ငန်းပိုင် ဟိန္ဒားသတ္တုတွင်းစီမံကိန်းရှိ သံလိုက်မှုန့် (Magnetite) ၉၇၄ မက်တန်ခန့်အား ပြည်တွင်းပြည်ပသို့ အမေရိကန်ဒေါ်လာဖြင့်လည်းကောင်း၊ မီးထိုးဆီ(FO) ၁၀၄၄၀ ဂါလန်ခန့်အား ပြည်တွင်းသို့ ကျပ်ငွေဖြင့်လည်းကောင်း၊ မျက်မြင်အခြေအနေများအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်သဖြင့် ဈေးနှုန်းအဆိုပြုလွှာများ ပေးသွင်းနိုင်ရေးအတွက် ဖိတ်ကြားအပ်ပါသည်။

၂။ တင်ဒါပိတ်ရက်မှာ ၁၂-၁၁-၂၀၁၄ ရက် ၁၅း၃၀နာရီဖြစ်ပြီး အသေးစိတ်သိရှိလိုပါက အမှတ်(၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန၊ ရုံးအမှတ် ၁၉၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန**

## ပိုင်ရှင်မှရောင်းမည်

လှိုင်၊ ဘုရင့်နောင်လမ်းမကြီးပေါ် ပ/ထပ်၊ (၁၈×၅၃)ပေ၊ L ခန်းကြိုးဖုန်း၊ ပါကေး၊ အိပ်ခန်း ၃၊ AC 1 ရှေ့/နောက် ဝရန်တာ၊ ပြင်ဆင်ပြီး

**ဖုန်း-၀၉-၄၅၀၀၆၁၈၇၃**

## ဝန်ထမ်းအလိုရှိသည်

စာရင်းကိုင်အမျိုးသမီးဝန်ထမ်း(၃)ဦး စရိတ်ငြိမ်း ရေ၊ မီး အဆောင်ပေးမည်

**ဆက်သွယ်ရန်**

**ရုံးချိန် ၉နာရီမှ ၅း၃၀နာရီ**

**ဖုန်း-၀၉-၅၀၀၂၁၅၆**

## ကန့်ကွက်နိုင်ပါကြောင်း

ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့နယ်၊ ရွှေပြည်သာရပ်ကွက်၊ မြို့ကွက်သစ်၊ မြေကွက်အမှတ် N-၁၄၆ နှင့် ၁၄၈၉တို့သည် ဦးမောင်အောင် ၁/ဗမန(နိုင်)၀၄၀၂၈၂ဖြင့် ငွေသွင်းပြေစာနှင့် မြေပေးမိန့်တို့မှာ ပျောက်ဆုံးသွားပါသဖြင့် ဦးမောင်အောင်မှ ငွေသွင်းပြေစာနှင့် မြေပေးမိန့် မိတ္တူကူးခွင့်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် စတင်ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း ဤခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗန်းမော်မြို့သို့ ကန့်ကွက်နိုင်ပါသည်။

**အုပ်ချုပ်ရေးမှူး**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**ဗန်းမော်ခရိုင်၊ ဗန်းမော်မြို့**

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှထွက်ရှိသော ဘေးထွက်ပစ္စည်း(၄)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းများကို ၁၇-၁၀-၂၀၁၄ ရက်မှ ၁၉-၁၀-၂၀၁၄ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၀-၂၀၁၄ရက် ၁၆း၀၀နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ ၂၁-၁၀-၂၀၁၄ ရက် ၁၅း၀၀နာရီတွင် အိတ်ဖွင့်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။

၅။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်ပစ္စည်းမျက်မြင်အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း၀၂-၃၂၇၂၉ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

**ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)**

**ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်**

**မန္တလေးမြို့**

## အဆင့်မြင့် Condo တိုက်ခန်းရောင်းရန်ရှိသည်

Sqft 1525', MB-1, B-2, AC-4, Shower Room Furnitures, Power Meter-1, Single Meter-1, Basement Car Parking, ဝရန်တာပါ(အဆင့်မြင့်ပြင်ဆင်ပြီး၊ ရုံးခန်းဖွင့်လိုလူများအထူးသင့်လျော်) Ocean East Point Shopping Centre အပေါ်ထပ်ငါးလွှာ၊ မဟာဗန္ဓုလလမ်းမကြီး၊ မျက်နှာစာတန်း။

**ဖုန်း-၀၁-၃၉၇၉၉၀-၁၊ ၀၉-၅၄၀၈၅၈၅၊ ၀၉-၄၂၁၀၁၉၅၆၇**

**ရောင်းဈေး ကျပ်သိန်း ၃၂၀၀(ညှိနှိုင်း)**

## မြင်းမူမြို့ ဇေယျာစိမ်းလန်းမြေအသင်းဝင်များအား ဝတ်စုံပေးအပ်

**မြင်းမူ အောက်တိုဘာ ၁၆**

မြင်းမူမြို့နယ် ဇေယျာစိမ်းလန်းမြေ (မြင်းမူ) အသင်းသားများအား ဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၄ ရက်က မြင်းမူမြို့၌ ကျင်းပရာ မြင်းမူ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က ဇေယျာစိမ်းလန်းမြေ(မြင်းမူ) အသင်းကို မြို့ပေါ်လေးရပ်ကွက်တွင် အသင်းဝင် ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားရှိပြီး ကျေးရွာများအထိ တိုးချဲ့ဖွဲ့စည်းလျက်ရှိကြောင်း၊ အသင်းအနေဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတစ်ရပ်အဖြစ် မျိုးဆက်သစ် လူငယ်များအထိ လက်ဆင့်ကမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အမှတ်(၁)ရပ်ကွက်မှ အသင်းဝင်များအတွက် လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှအောင်က အမှတ်(၂)ရပ်ကွက်မှ အသင်းဝင်များအတွက် လည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဝင်းက အမှတ် (၃)ရပ်ကွက်မှ အသင်းဝင်များအတွက်လည်းကောင်း၊ မြို့မိမြို့ဖ ဦးညဏ်ရင်က အမှတ်(၄)ရပ်ကွက်မှ အသင်းဝင်များအတွက်လည်းကောင်း အသင်းဝတ်စုံများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## အင်းတော်ကြီးဒေသအတွင်း မိုးစပါးများ ဖြစ်ထွန်း

**မိုးညှင်း အောက်တိုဘာ ၁၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင်မိုးကောင်းသဖြင့် စိုက်ပျိုးရေလုံလောက်စွာရရှိသောကြောင့် မိုးစပါးစိုက်ပျိုးမှု အောင်မြင်လျက်ရှိသည်။

အင်းတော်ကြီးဒေသသည် ကျေးရွာအုပ်စုပေါင်း ၁၁ အုပ်စုရှိပြီး ဒေသတစ်ခုလုံး၏ စိုက်ပျိုးလယ်ဧကစုစုပေါင်းမှာ ၄၀၅၀၅ ဧကရှိကြောင်း၊ နန့်မွန်းကျေးရွာအုပ်စုတစ်ခုတည်းတွင် လယ်စိုက်ဧကပေါင်း ၅၂၈၉ ဧကရှိပြီး လယ်ယာစိုက်ပျိုးရေးတွင် မိုးရေခံ တောင်ကျချောင်းရေသွင်းဆည်ကိုသာ အဓိကထားစိုက်ပျိုးရသဖြင့် မိုးကောင်းသောနှစ်များတွင် ရေကောင်းစွာရရှိကာ မိုးစပါးစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းခြင်း ဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

"ဒီနှစ်မိုးကောင်းလို့ စိုက်ပျိုးထားတာတွေ အားလုံးအောင်မြင်တယ်။ ဆင်းဧရိ(၃)ကို အဓိကထားစိုက်ပျိုးကြတာပါ။ ကောက်ညှင်းနဲ့ ပုလဲသွယ်လည်း စိုက်ကြတယ်။ ရာသီဥတုကောင်းတဲ့နှစ်မို့ အသီးလည်းတင်ပြီး တစ်ဧကကို ပျမ်းမျှ တင်း ၁၀၀ ကနေ ၁၂၀ အထိထွက်မယ်လို့ မျှော်လင့်တယ်" ဟု လုပ်ကွက် ၄၁၇ တွင် လုပ်ကိုင်လျက်ရှိသူ နန့်မွန်းကျေးရွာ ရှမ်းကုန်းရပ်မှ တောင်သူ ဦးဖိုးတူးက ပြောသည်။ **နီတိုး(အင်းတော်)**

## ကျောက်ကြီးမြို့နယ်တွင် အမျိုးသမီးတစ်ဦး လည်ပင်းညှိမည်းဒဏ်ရာများဖြင့် သေဆုံး

**ကျောက်ကြီး အောက်တိုဘာ ၁၆**

ကျောက်ကြီးမြို့နယ် မုန်းနယ်မြေရဲစခန်း အပိုင် တောပုကျေးရွာအုပ်စု ဆင်ဆိပ်ကျေးရွာနေ ဦးဝင်းလှိုင်သည် အောက်တိုဘာ ၁၂ ရက်က နေအိမ်၌ရှိနေစဉ် ည ၁၀ နာရီကျော်သည်အထိ သမီးဖြစ်သူ မစန္ဒာဝင်း(၂၃ နှစ်)မှာ အိမ်ကိုပြန်လည်ရောက်ရှိလာခြင်းမရှိသည့်အတွက် ၄င်း၏ ချစ်သူနောက်လိုက်သွားပြီအထင်နှင့် အိပ်ပျော်သွားခဲ့ရာ အောက်တိုဘာ ၁၃ ရက် နံနက် ၇ နာရီခန့်က သမီးဖြစ်သူ မစန္ဒာဝင်း၏ အလောင်းအား ဇီးကုန်းကျေးရွာအရှေ့ဘက် ခြောက်ဖာလုံခန့်အကွာ ကိုမျိုး၏ ယာခင်းထဲ၌ လည်ပင်းတွင် ညှိမည်းဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း လာရောက်ပြောပြခဲ့သဖြင့် မုန်းနယ်မြေ ရဲစခန်းကို သွားရောက်သတင်းပို့ခဲ့သည်။

မုန်းနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်ခင်စိုးလွင် ဦးစီးရဲတပ်ဖွဲ့ဝင်များက အခင်းဖြစ်ပွားရာ နေရာကိုသွားရောက်အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## ပညာဒါနသင်တန်း ဇီးကုန်းမြို့ အထက်တန်းကျောင်း၌ ကျင်းပ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ အထက်တန်းကျောင်း၌ ၂၀၁၄-၂၀၁၅ ခုနှစ် အောက်တိုဘာပိတ်ရက်တွင် အမှတ်(၁) အခြေခံပညာဦးစီးဌာန ရန်ကုန်(ရုံးချုပ်)မှ ညွှန်ကြားထားသည့်အတိုင်း ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေးအတွက် လုပ်သက်အတွေ့အကြုံရင့်ပြီး ဘာသာရပ်သင်ပြမှုကျွမ်းကျင်သော ဆရာ ဆရာမများက လုပ်သက်နုပြီး အတွေ့အကြုံမရင့်ကျက်သေးသော ဆရာ ဆရာမများကို ပညာဒါနသင်တန်းအဖြစ် ဖြန့်ဝေလက်ဆင့်ကမ်းပြီး ဘာသာရပ်ဆွေးနွေးပွဲကို အထက်တန်းကျောင်း၌ ကျင်းပရာ ပညာဒါနသင်တန်းကို အောက်တိုဘာ ၁၀ ရက်မှ ၁၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအထိ ကျင်းပခဲ့သည်။

ယင်းသင်တန်းကို ပင်မဆရာ ဆရာမနည်းပြတစ်ဦးက ပြင်ပကျူရှင်မှ နည်းပြ ငါးဦးနှင့် ကိုယ်ပိုင်ကျောင်းမှ နည်းပြနှစ်ဦး စုစုပေါင်း သင်တန်းနည်းပြ ၁၉ ဦးနှင့် သင်တန်းသူ ၅၁ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းကို မြို့နယ်ပညာရေးမှူး ဒေါ်နန်းမြင့်မြင့်အေးက ဦးဆောင်ပြီး ဒုတိယမြို့နယ်ပညာရေးမှူး၊ လက်ထောက်မြို့နယ်ပညာရေးမှူး၊ ထက်အုပ်၊ လယ်အုပ်၊ ကျောင်းအုပ်ကြီးများက ကြီးကြပ်သူများအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးအဆင့်၊ ခရိုင်အဆင့် တာဝန်ရှိစစ်ဆေးရေးအဖွဲ့များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သိန်းတိုး(ဇီးကုန်း)**

## မကွေးတိုင်းဒေသကြီး ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲ ဆုချီးမြှင့်

(၂၁)ကြိမ်မြောက် မကွေးတိုင်းဒေသကြီး မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၄ ရက် ည ၇ နာရီက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။ ပြိုင်ပွဲကျင်းပရေးကော်မတီနာယက မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**

## ဆောမြို့တွင် မွေးဖွားမှုမှတ်ပုံတင်ခြင်း ညှိနှိုင်းဆွေးနွေး

**ဆော အောက်တိုဘာ ၁၆**

မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှု စီမံချက်အကြိုညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၉ ရက်က ဂန့်ဂေါခရိုင် ဆောမြို့ ယောမင်းကြီး ဦးဖိုးလှိုင်ခန်းမ၌ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်းက အမှာစကားပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်ရာနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုံ့ထူးလှိုင်တို့က မွေးစာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်၊ အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ မွေးဖွားမှုမှတ်ပုံတင်ကောက်ယူမည့် အစီအစဉ်တို့ကို ရှင်းလင်းဆွေးနွေးကြသည်။ **(၁၀၁)**

## အရက်မူးနေသော ယောက်ျားဖြစ်သူက ဇနီးဖြစ်သူကို ဓားဖြင့်ထိုးသတ်

**တောင်ငူ အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းအပိုင် ညောင်ပင်သာကျေးရွာ၌ အောက်တိုဘာ ၁၂ ရက် ည ၇နာရီခွဲက လင်မယားချင်းရန်ဖြစ်ရာမှ အမျိုးသမီးသေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မိုးကောင်းကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာနေ ထိန်လင်းဦး (ခ) ရွှေကို(၂၂ နှစ်)သည် အရက်မူးကာ နေအိမ်သို့ ပြန်ရောက်လာပြီး ဇနီးဖြစ်သူ မကြည်စန်း (၁၉ နှစ်)နှင့် လင်မယားချင်း စကားများခဲ့ရာမှ ထိန်လင်းဦး (ခ) ရွှေကိုက အရိုးအသွား ၁၇ လက်မခွဲရှိ ဓားဖြင့်ထိုးခဲ့ကြောင်း သိရသည်။

ဓားဒဏ်ရာကြောင့် မကြည်စန်း၏ ဝဲနံကြား၊ ဝဲလက်မောင်း၊ ရင်ညွန့်၊ ဝဲလက်ဖျံ၊ ယာလက်ဖျံတို့တွင် ဒဏ်ရာများရရှိပြီး နေအိမ်အတွင်း သေဆုံးခဲ့သဖြင့် တောင်ငူအမှတ်(၃) နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်းဒေသကြီး၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ တောင်တွင်းမြို့နယ် မြို့မဝါအဝယ်ဒိုင်မြေပေါ်ရှိ အောက်ဖော်ပြပါအဆောက်အအုံသုံးလုံးအား ကာလတန်ဖိုးဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

| စဉ် | အမျိုးအမည် | အတိုင်းအတာ | လက်ရှိကာလတန်ဖိုး(ကျပ်) |
|---|---|---|---|
| ၁။ | ရှေ့တန်းရုံးအဆောက်အအုံ (အုတ်ညှပ်တစ်ထပ်) | ၄၀'×၃၀'×၁၂' | ၈၀၀၀၀၀၀ |
| ၂။ | သိုလှောင်ရုံအဆောက်အအုံ (သက်ကယ်မိုး၊ ထရံကာ) | ၃၀'×၂၀'×၁၀' | ၁၁၀၀၀၀ |
| ၃။ | ရှေ့တန်းရုံးအဆောက်အအုံ (သက်ကယ်သွပ်မိုး၊ ထရံကာ) | ၃၀'×၂၆'×၁၀' | ၂၀၀၀၀၀ |

**တင်ဒါပုံစံရောင်းချမည့်အချိန်** - ၁၉-၁၀-၂၀၁၄ ရက်

**အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၁-၂၀၁၄ ရက်

**အိတ်ဖွင့်တင်ဒါရွေးချယ်မည့်နေရာ** - စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန**
ဖုန်း-၀၆၃-၂၅၃၈၄၊ ၀၆၃-၅၀၂၇၃၊ ၀၉-၂၅၆၃၁၃၃၅၅

## တေဇဂေါက်သီးရိုက်ပြိုင်ပွဲ

တေဇကျောင်းဆင်းညီအစ်ကိုများ၏ (၂၉)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တေဇကျောင်းဆင်းအရာရှိများ ပါဝင်ဆင်နွှဲနိုင်ရန်နှင့် ပြိုင်ပွဲမကစားသူများပါ တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** - ၂၆-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့)
**အချိန်** - ၀၆:၀၀ နာရီ
**နေရာ** - တပ်မတော်ဂေါက်ကွင်း၊ မင်္ဂလာဒုံ

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## (အောက်မြန်မာပြည်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၅ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-
(က) ပို့ချချက်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုတ်ပိုးအပ်နှံခြင်း လုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၅-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်းဝယ်ယူတင်သွင်းနိုင်ပါသည်။

ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်
အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၃။ ဈေးနှုန်းလွှာများကို ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာတင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါနေရာများတွင် ကြည့်ရှုနိုင်ပါသည်။
(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဝေးသင်တက္ကသိုလ်များ၏ စာအုပ်များနှင့်သင်ခန်းစာ**
**ပို့ချချက် ဒီဗွီဒီချပ်များထုတ်လုပ်ရေးလုပ်ငန်းကော်မတီ**

## ရန်ကုန်ပညာရေးတက္ကသိုလ်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်ပညာရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ကျင်းပရေးကော်မတီက ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁၉၊ ၂၀၊ ၂၁ရက်များတွင် ကျင်းပပြုလုပ်မည့် (၄၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဘွဲ့နှင်းသဘင်ခန်းမအတွင်း (အပြင်မပါ)ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းရိုက်ကူးရေးလုပ်ငန်း ခွင့်ပြုနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းတင်သွင်းရန် လျှောက်လွှာပုံစံများကို ၂၇-၁၀-၂၀၁၄ ရက်မှစ၍ ရုံးဖွင့်ရက် ရုံးချိန်အတွင်း တစ်စောင်လျှင် ၃၀၀၀ိ/-(သုံးထောင်ကျပ်တိတိ)ဖြင့် ရန်ကုန်ပညာရေးတက္ကသိုလ်ဌာနမှူး (စီမံ/ဘဏ္ဍာ)ရုံးခန်း၌ ဓာတ်ပုံလုပ်ငန်းလိုင်စင် မူရင်းပြသ၍ဝယ်ယူပြီး ၄-၁၁-၂၀၁၄ရက် မွန်းလွဲ ၂း၀၀နာရီ နောက်ဆုံးထားလျက် ဈေးနှုန်းလွှာတစ်စောင်စီကို လုပ်ငန်းဆောင်ရွက်သူကိုယ်တိုင် ရန်ကုန်ပညာရေးတက္ကသိုလ် ဓာတ်ပုံတင်ဒါခေါ်ယူစိစစ်ရေးကော်မတီထံသို့ လာရောက်တင်သွင်းရမည်။

၃။ အသေးစိတ်သိလိုပါက ဖုန်း-၅၃၇၃၅၉၊ ၅၃၄၂၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**ဓာတ်ပုံနှင့်တင်ဒါခေါ်ယူရေးကော်မတီ**
**ရန်ကုန်ပညာရေးတက္ကသိုလ်**



အောက်တိုဘာ ၁၃ ရက်က ကျရောက်သည့် (၉၄)ကြိမ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားကို အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက ဝက်ပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ သက်ကြီးကန်တော့ခံ စည်သူ ဒေါက်တာ ဗိုလ်ကလေးတင့်အောင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

တင်စိုး(မြန်မာ့အလင်း)

## အော်ရီဒူးမှ မန္တလေးစီးပွားရေးလုပ်ငန်းများအတွက် ဝန်ဆောင်မှုအသစ်စတင်မိတ်ဆက်

**ရန်ကုန် အောက်တိုဘာ ၁၆**

အော်ရီဒူးမြန်မာမှ မြန်မာလူဦးရေ၏ ၁၂ ဒသမ ၅ သန်းကို ကွန်ရက်လွှမ်းခြုံနိုင်ပြီဖြစ်ပြီး မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းအမျိုးမျိုးအတွက် ဆက်သွယ်ရေးအစီအစဉ်သစ်များကို အော်ရီဒူးမြန်မာမှ အောက်တိုဘာ ၁၄ ရက်က စတင်မိတ်ဆက်ခဲ့သည်။

မန္တလေးအပါအဝင် အထက်မြန်မာပြည်ရှိ စီးပွားရေးလုပ်ငန်းများအတွက် ဆက်သွယ်ရေးဝန်ဆောင်မှုအသစ်ကို ကုမ္ပဏီ၏ ဆက်သွယ်ရာဗဟိုဌာနမှ ပညာရှင်များက အော်ရီဒူး၏ စီးပွားဖက်လက်တွဲဖော်သုံးစွဲသူများအတွက် ၂၄ နာရီ ခုနစ်ရက်လုံး သီးသန့်စီမံခန့်ခွဲမှုတစ်ရပ်အဖြစ် သိလိုသမျှကို အဖြေများပေး၍ ဝန်ဆောင်မှုများပေးသွားမည်ဖြစ်ပြီး မည်သည့်နိုင်ငံမှမဆို ကြည်လင်သည့် အသံဖြင့်ဖုန်းခေါ်ဆိုနိုင်မည့် ဝန်ဆောင်မှုအသစ်တစ်မျိုးနှင့်လုပ်ငန်းခွင်သုံး အင်တာနက် မြန်နှုန်းထားတစ်ခုကို မိတ်ဆက်ပေးခဲ့သည်။

အကြီးစားစီးပွားရေးလုပ်ငန်းကြီးများမှစ၍အလတ်စားစီးပွားရေးလုပ်ငန်းများအထိ ဆက်သွယ်ရေးနှင့်ပတ်သက်သော လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန်အတွက် မိုဘိုင်းဆက်သွယ်ရေးမန်နေဂျာများအဖွဲ့ကို ခန့်ထားရေးနှင့် လေ့ကျင့်သင်ကြားပေးရေးတို့မှ စီးပွားရေးလုပ်ငန်းဆုံးဖြတ်ချက်များနှင့် အသံပိုင်းဆိုင်ရာခေါ်ဆိုမှုများ၊ စာတိုပို့ခြင်းများ၊ အင်တာနက်ဝန်ဆောင်မှု အစီအစဉ်များ၊ smartphone များနှင့် မိုဘိုင်းကိရိယာအမျိုးမျိုး စသည်များကို ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည်။

**ညဏ်မိုးမြင့်**

## အမျိုးသားပညာရေးဥပဒေ ခရိုင်နှင့် မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေး

**မိတ္ထီလာ အောက်တိုဘာ ၁၆**

မိတ္ထီလာတွင် အမျိုးသားပညာရေးဥပဒေ ခရိုင်နှင့်မြို့နယ်အဆင့် ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက အထက(၁)ခန်းမ၌ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် အမျိုးသားပညာရေးဥပဒေ အခန်း(၁) မှ အခန်း(၇) အထိကို ခရိုင်ပညာရေးမှူးဦးမြင့်ဆွေက ဖတ်ကြားရှင်းလင်းပြီး အခန်း(၈)မှ အခန်း(၁၄) အထိကို မြို့နယ်ပညာရေးမှူး ဒေါ်မြမြက ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသူများက အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါ အမျိုးသားပညာရေးဥပဒေ ရှင်းလင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးကျော်အေး၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံနှင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **ချမ်းသာ(မိတ္ထီလာ)**

## အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် လှိုင်ကော်မြို့၌ ကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၁၆**

ကယားပြည်နယ် လှိုင်ကော်မြို့နယ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၁၃ ရက်က လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ယခုနှစ်အတွက် သဘာဝဘေးဒဏ်ခုခံဖို့ သက်ကြီးများနဲ့ လက်တွဲစို့ ခေါင်းစဉ်ဖြင့် ပြောကြားသည်။

၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ကမ္ဘာလုံးဆိုင်ရာ သဘာဝဘေးလျော့ချရေးညီလာခံကို ဦးတည်သောအားဖြင့် သဘာဝဘေးလျော့ချရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း လူအုပ်စုအမျိုးမျိုး၏ အားလုံးအကျုံးဝင်မှုသို့မဟုတ် အားလုံးပူးပေါင်းဆောင်ရွက်မှုအတွက် ဦးတည်ကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၁၄ ခုနှစ်အတွင်း သက်ကြီးရွယ်အိုများ၏ စွမ်းဆောင်ရည်ကို ဦးတည်ကာ ကျင်းပရခြင်းဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစောဟူးဟူးက ကုလသမဂ္ဂမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ယခုနှစ်အတွင်း အထိမ်းအမှတ်ပွဲကျင်းပသည့် ပြည်နယ်အဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် ပန်းချီ၊ စာစီစာကုံးပြိုင်ပွဲများတွင် ပြည်နယ်အဆင့် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့အထိမ်းအမှတ်အဖြစ် ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် လက်ခုပ်ကုန်းကျေးရွာအတွင်း ပြည်သူများကိုယ်တိုင် ပါဝင်ထားသည့် မုန်တိုင်းဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခန်းကို ပြသပေးခဲ့ပြီး သဘာဝဘေးအန္တရာယ်အကြောင်း ဟောပြောပေးခဲ့သည်။ **ရဲနောင်(လှိုင်ကော်)**

### ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားစက် ထောက်ပံ့ပေးအပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေမှ ကျေးရွာစာကြည့်တိုက်များအတွက် ထောက်ပံ့ပေးအပ်သည့် SKY NET နှစ်စုံနှင့် SAMSUNG 32 လက်မ TV နှစ်လုံးကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အမြင့်ကျေးရွာနှင့် ကျောက်စစ်ကန်ကျေးရွာအတွက်လည်းကောင်း၊ မြို့နယ်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံဌေးက နွယ်ခွေကျေးရွာနှင့် တောကျောင်းကြီးကျေးရွာ စာကြည့်တိုက်များအတွက်လည်းကောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ကျောက်ရစ်- သရက်သာ ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ လူကူးချောင်းတံတား အသစ်ပြန်လည်တည်ဆောက်မည်

**မြောင် အောက်တိုဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကျောက်ရစ်-သရက်သာ ကျေးရွာချင်းဆက်လမ်းမပေါ်ရှိ လူကူးချောင်းတံတားကို အလျား ၁၄၆ ပေ၊ အကျယ် ၁၀ ပေ၊ ကွန်ကရစ်တိုင်သံပေါင်များဖြင့် တည်ဆောက်မည်ဖြစ်ပြီး တံတားချဉ်းကပ်လမ်း တစ်ဖက်လျှင် ပေ ၄၀ နှင့် စုစုပေါင်း အရှည် ၂၂၆ ပေကို ယခုနှစ် ပွင့်လင်းရာသီအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

စုစုပေါင်းခန့်မှန်းကုန်ကျငွေကျပ်သိန်းပေါင်း ၃၆၅ သိန်း ကုန်ကျမည်ဖြစ်ပြီး အလှူရှင်များဖြစ်ကြသော မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့ မေတ္တာစွမ်းရည် ဆရာတော် အရှင်စန္ဒိမာနှင့် တပည့်ဒါယကာ ဒါယိကာမများက မတည်လှူဒါန်း၍ တံတားဆောက်လုပ်ရေးကော်မတီနှင့် အနီးကျေးရွာများမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သိရသည်။

" ကျွန်တော်တို့ သရက်သာကျေးရွာတွင်မက မြို့နယ်အတွင်းက ကျွန်းထဲကျေးရွာအတော်များများ အသုံးပြုလျက်ရှိတာပါ။ ယခင်တံတားက သစ်သားတံတားဖြစ်ပြီး ကျဉ်းမြောင်းတာကြောင့် ယာဉ်နှင့်ကုန်တွေဖြတ်ကူးလို့မရပါဘူး။ ဒီနေရာမှာ တစ်ဆင့်ကဲ့ပြီးမှ သယ်ရတာပါ။ ဒါကြောင့် တံတားအသစ်ဆောက်လုပ်ခြင်းအားဖြင့် ကျွန်းထဲကျေးရွာများမှ ထွက်ရှိတဲ့ သီးနှံတွေကို ကားနှင့်တင်ပြီး ပွဲရုံတွေဆီကို သီးနှံတွေ ရောင်းချနိုင်တော့မှာဖြစ်လို့ အမြန်ပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု တံတားဆောက်လုပ်ရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**


### တေဇ(၂၂)သူငယ်ချင်းများ တွေ့ဆုံပွဲ

တေဇ(၂၂) ကျောင်းဆင်းသူငယ်ချင်းများ၏ ကျဆုံး/ကွယ်လွန် သူငယ်ချင်းများအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုပြုပေးခြင်းနှင့် ကျောင်းဆင်းနှစ်ပတ်လည် တွေ့ဆုံပွဲကို အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်မည်ဖြစ်ပါသည်-

၁၉-၁၀-၂၀၁၄ရက် မွန်းလွဲ ၁း၀၀နာရီ
ပဲခူးဟံသာဝတီဂေါက်ကွင်း(ဂေါက်ရိုက်ပွဲ)
၂၀-၁၀-၂၀၁၄ရက် နံနက် ၉း၀၀နာရီ၊
အမှတ်(၁)တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) (အလှူငွေလှူဒါန်းပွဲ)
၂၀-၁၀-၂၀၁၄ရက် ညနေ ၆း၀၀နာရီ
ကုန်းမြင့်သာစားသောက်ဆိုင်(မိသားစုတွေ့ဆုံပွဲ)

### ချင်းတွင်းအသင်း(ရန်ကုန်)၊ စုပေါင်းမဟာဘုံကထိန်ဖိတ်ကြားခြင်း

ချင်းတွင်းအသင်း(ရန်ကုန်)၏ (၂၁)ကြိမ်မြောက် ဘုံကထိန်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ ချင်းတွင်းနယ်သူ နယ်သားများ တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ လှူဖွယ်ဝတ္ထုပစ္စည်းများကို ၂၂-၁၀-၂၀၁၄ရက်နောက်ဆုံးထား၍ အောက်ပါပုဂ္ဂိုလ်များထံ ပေးပို့လှူဒါန်းနိုင်ပါကြောင်းနှင့် ဘုံကထိန်ကျင်းပမည့်ရက်တွင် လှူဖွယ်ဝတ္ထုပစ္စည်းများ ယူဆောင်လာကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၂၆-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) တန်ဆောင်မုန်းလဆန်း ၄ရက်
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - အနုတ္တရောပုရိသဓမ္မသာရထိဓမ္မာရုံ(ချင်းတွင်းအသင်းဓမ္မာရုံ) နဝဒေးစွယ်တော်မြတ်စေတီတော်ဝင်းအတွင်း
**ဆက်သွယ်လှူဒါန်းရန်** - ဦးဇော်ဝိတ် ဖုန်း-၀၉-၅၁၄၃၄၃၇၊ ဦးအောင်ဝင်း ဖုန်း-၀၁- ၅၂၂၀၃၂၊ ဦးသိန်းလွင် ဖုန်း-၀၉-၅၀၀၂၃၆၃၊ ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၄၇၈၈၃၊ ဒေါ်ကြူကြူ ဖုန်း-၀၁-၅၈၁၁၀၉
နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

**ပျောက်ဆုံး**

ကျွန်တော် ဦးမောင်ဝင်း၏ မော်တော်ယာဉ်အမှတ် ID အမှတ် 715623နှင့် ယာဉ်ဓာတ်ပုံမူရင်းပျောက်ဆုံးသွားပါ၍ တွေ့ရှိက ဖုန်း-၀၉-၃၁၈၇၈၉ သို့ ဆက်သွယ်ပါရန်။

### မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ၁၀/၂၀၁၄-၂၀၁၅ ကြိမ်မြောက်စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်းသစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်းဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၉-၁၀-၂၀၁၄ ရက်၊ ၃၀-၁၀-၂၀၁၄ ရက်၊ ၃၁-၁၀-၂၀၁၄ ရက် } ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၁၉၅)တန်ခန့်၊ သစ်မာသစ်လုံး(၂၀,၀၈၄)တန်ခန့် (ပိတောက်/တမလန်း/သင်းဝင်သစ်လုံးများပါဝင်မည်)
- ကျွန်းခွဲသား (၆)တန်ခန့်၊ သစ်မာခွဲသား (၇)တန်ခန့် (ပိတောက်/တမလန်းခွဲသားများပါဝင်မည်)

